# ကျွန်ုပ်တို့ကို ဖွင့်ပြသော ဘုရားသခင်

## ဖီလာဒေးလ်ဖီးယား၊ ပင်စီဗေးနီးယား၊ အမေရိကန်။

## ၆၄-၀၆၂၉

1 ၁။ ကျမ်းချက်အနည်းငယ်ကိုကျွန်ုပ်ရေးချထားပါတယ်။ ခင်ဗျားတို့ကို ပြောချင်လို့ဘဲဖြစ်ပါ တယ်။ ဘုရားသခင် ကျွန်ုပ်တို့ရဲနှိမ့်ချတဲ့ကြိုးစားမှုလေးတွေကို ကောင်းချီးပေးမယ်လို့ ယုံကြည်ပါ တယ်။

လူတော်တော်များများက ကျွန်တော်တို့ဘာဖြစ်လို့ ထူးခြားပြီး အရမ်းဆူညံတာလဲလို့ သိ ချင်ကြပါ တယ်။ ဒီနည်းကတော့ထူးခြားတဲ့နည်းတစ်မျိုးဖြစ်ပြီး လူတွေဘာလဲဆိုတာကို -သိမြင်လေ့ရှိ တဲ့အရာဘဲဖြစ်ပါတယ်။ များသောအားဖြင့် အရာခပ်သိမ်းဟာ ဖြတ်တောက်ရှင်းလင်းထားတဲ့ပုံစံလည်းဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော် ဒီစည်းဝေးပွဲတွေကို လာတဲ့အခါမှာကျွန်တော်အ တွက် နှစ်ပေါင်းများစွာ အခွင့်အရေးဖြစ်ခဲ့ပြီး စတင်ခဲ့စဉ်ကတည်းကကျွန်တော်တို့ ဘယ်ကသွားပြီး ဘာလုပ်ရမလဲဆိုတာကို မသိကြပါဘူး။ ကျွန်တော်တို့လာကြပြီး မိမိတို့ကိုယ်ကို အပ်နှံကြတယ်။ ကျွန်တော်တို့ သိတဲ့အရာကတော့အဲ့ဒါတစ်ခုတည်းပါဘဲ။ ကျန်တာတွေအားလုံး ဘုရားရှင်အမှုပြု ပါတယ်။ ဒါကြောင့်မို့ကျွန်တော်တို့ဟာ အလွန်ဘဲထူးခြားစွာ ပြုမူတဲ့လူတွေ ဖြစ်လာကြပါတယ်။

တနေ့က တစုံတယောက်သောသူက ပြောပါသည်။ ‘ခင်ဗျားတို့တွေကတော့ သူမတူတဲလူ တွေဘဲ’ ကျွန်တော်က ‘ကောင်းပြီး- ကျွန်တော်တို့လဲဒီလိုဘဲထင်တယ်’ ဟုပြန်ဖြေပါသည်။

2 ၂။ ကျွန်တော်အသင်းချုပ်ကြီးတစ်ခုကို သတိရမိပါသည်။ ဘရာသာထရှိုင်က ဂျာမန်ကလေး တစ်ဦးအကြောင်းပြောပြပါသည်။ သူသည် သန့်ရှင်းသော ဝိညာဉ်တော်ဗတ္တိဇံခံယူပြီးသူ တစ်ဦး ဖြစ်ပါသည်။နောက်တနေ့မှာ သူသည် သူအလုပ်လုပ်နေသော ဆိုင်ထဲတွင် လက်ကိုမြှောက်၍ ကိုယ်တော်ရှင်ကိုချီးမွမ်းပြီး အခြားသော ဘာသာစကားပြောသည်။ ထူးခြားနေပါသည်။ နောက် ဆုံးမှာအလုပ်ရှင်ရောက်ပြီး ‘မင်းဘာဖြစ်နေတာလဲ?’ ဟုမေးပါသည်။

သူက ‘အို၊ ကျွန်တော် စိတ်ချရပြီ။ ကျွန်တော်ရဲ့ နှလုံးသားကဝမ်းမြောက်မှုတွေနဲ့ ပြည့် လျှံနေ တယ်’ ဟုဆိုသည်။

သူက ‘အဲ့ဒီ ကြောင်အုပ်စုနဲ့ မင်းတွေ့ခဲ့ပြီးနဲ့တူတယ်’ ဟုပြောသည်။

သူက ‘ဘုရားဘုန်းတော် ထင်ရှားပါစေ’ ဟုဆိုသည်။ ‘ကြောင်တွေအတွက်ဘုရားကိုကျေးဇူး တင်ပါတယ်’ သူက- ပြောသည်။ ‘မော်တော်ကားတစ်စီးယူပြီးလမ်းထဲမောင်းလာပါ။ ကားထဲက ကြောင်တွေအားလုံးကို ထုတ်လိုက်ပါ။’ ဘာမှမရှိတော့ပါ... အဲ့ဒါမှန်ကန်ပါတယ်၊ သင်သိရဲ့ လား?။

3 ၃။ တနေ့သောအခါမှာကာလီဖိုးနီးယားပြည်နယ်၊ လော့စ်အင်ဂျလိစ်မြို့လမ်းထဲမှာ ကျွန်တော် ဆင်းသွားပါသည်။လူတစ်ဦးကို ရင်ဘတ်မှာ ဆိုင်းဘုတ်ချိတ်ဆွဲထားသည်ကို တွေ့ရပါသည်။ ‘ဒီမှာ’ ဟုအဓိပ္ပါယ်ရသော စာလုံးကို ချိတ်ဆွဲထားခြင်းဖြစ်ပါသည်။ သူက ‘ငါသည် ခရစ်တော်အ တွက် အရူးဖြစ်သည်’ ဟုဆိုသည်။ လူတိုင်းသူ့ကိုကြည့်နေကြပါသည်။ သူတို့ကို ကျွန်တော် သတိ ပြုမိသည်မှာ သူ့အနားမှာဖြတ်သွားသူတိုင်းက သူ့ကို လှည့်ကြည့်ကြခြင်းဖြစ်ပါသည်။ တခြားလူ တွေနောက်ကိုကျွန်တော်လိုက်သွားမည်ဟု ကျွန်တော်စဉ်းစားမိပါသည်။ သူကျောပေါ်မှာ ‘ခင်ဗျား ဘယ်သူ့အတွက် အရူးဖြစ်သလဲ?’ ဟု ရေးထားပါသည်။ကျွန်တော်စဉ်းစားမိသည်မှာ ကျွန်တော်တို့ အားလုံးမှာ တဦးနှင့်တဦးထူးခြားမှုရှိပါမည်။

ကမ္ဘာလောကကြီးမှာ ပြဿနာနှင့်ကြုံရပါသည်။ နောက်ဆုံး ပြောင်းလဲလွန်းမက ပြောင်းလဲပြီး အလွန်ထူးခြားနေပါသည်။နောက်ဆုံး တစုံတခု မှားယွင်နေကြောင်း သူတို့ သိလာရပါသည်။ ဘုရားသခင်က လုပ်နေကျမဟုတ်သော အရာတစ်ခုကို လုပ်ရပါမည်။ သမ္မာကျမ်းစာဖက်သို့ လူတို့ ပြန်လာရပါမည်။

4 ၄။ နောဧသည်သူ့ခေတ်ကာလက သူသည် ကြောင်နေသောသူတစ်ယောက်ဖြစ်ကြောင်း ကျွန်တော်စဉ်းစားမိပါသည်။သူတို့ခေတ်က သိပ္ပံနည်းကျ ကောင်းကင်မှာ ရေမရှိကြောင်း သက် သေပြနိုင်ပါသည်။သို့သော်လည်း ဘုရားသခင်က ရှိကြောင်းပြောသည်။ နောဧကလည်း ယုံကြည် ၍ဟောပြောသဖြင့်သူ့ကို အသက်ဟုခေါ်ခြင်းခံရသည်။

မောရှေသည် အီဂျစ်ပြည်သို့ သွားသော အခါသူသည် ဖါရောဘုရင်ရှေ့မှာ အသက်ကဲ့သို့ဖြစ် ကြောင်း ကျွန်တော်စဉ်းစားမိပါသည်။ ဖါရောဘုရင်မှာ သူ့အတွက် အသက်ပင်ဖြစ်ပါသည်။ သူတို့...ထိုအရာကို ကျွန်တော်တို့သိပါသည်။

5 ၅။ သခင်ယေရှုကိုလည်းအယူမှားဝါဒီဟု ထင်ကြပါသည်။ မှန်သည်။ မာတင်လူသာကိုလည်း အသက်ဟု ကက်သလစ်အသင်းတော်ကယူဆသည်။ ဂျွန်ဝက်စလီမှာလည်း အင်္ဂလိီကန်တို့အ တွက် အသက်ပင်ဖြစ်ပါသည်။ အခုလည်းနောက်ထပ် အသက်တစ်ဦးအတွက် အချိန်ရောက်လာ ပါပြီ။ သင်မထင်ဘူးလား?၊ ပရိသတ်က ‘အာမင်’ ဟုဆိုသည်။ - အယ်ဒီတာ၊ ထိုကဲ့သို့သော လူ တစ်ဦးရှိလာရန်အတွက်ပထမဆုံးအနေနှင့် သူနှင့် အံဝင်ဂွင်ကျသော အခြေအနေမျိုး ရှိရပါမည်။

နောဧမှာလည်း ထိုသို့ပင်ဖြစ်ပါသည်။တစ်ခုနှင့်တစ်ခုကို စွဲမြဲအောင် ပြုလုပ်သော အရာပင် ဖြစ်ပါသည်။ယုံကြည်သူများအားလုံးကို နောဧက ဆွဲဆောင်နိုင်ပါသည်။ တရားစီရင်ခြင်းနှင့် ကင်းဝေးရာ သင်္ဘောကြီးထဲသို့ ဆွဲဆောင်ခြင်းဖြစ်ပါသည်။

မောရှေသည် အသင်းတော်ကို အီဂျစ်ပြည်မှဆွဲထုတ်ခဲ့သည်ကို ကျွန်တော်တို့တွေ့ရသည်။ အသက်ဆက်ပေးသူအားဖြင့် ဖြစ်သည်။ မှန်ပါသည်။

6 ၆။ ယခုလည်းအသင်းတော်ထဲမှ သတိုးသမီးကို ဆွဲထုတ်ရန် အသက်တစ်ခုလိုကြောင်း ကျွန်တော်ထင်မြင်ယူဆမိပါသည်။ တစ်စုံတစ်ခု ယခုပင်လိုအပ်ပါသည်။ နောက်တစ်ခုဖြစ်ပါသည်။ကျွန် တော်တို့မှာ အလွန်ထူးဆန်းသော သူများဖြစ်ကြပါသည်။ ယနေ့ညကျွန်တော်စဉ်းစားမိသည်မှာ ကိုယ်တော်ရှင် အလိုရှိလျှင် ဤအကြောင်းအရာနှင့်ပတ်သက်သည့် ကျမ်းချက်ကို ကျွန်တော် ဖတ်လိုပါသည်။ သင်တို့ကိုလည်းအနည်းငယ်ပြောပြလိုပါသည်။ ကျွန်တော်တို့မှာ ဘာကြောင့် ထူးခြား ရကြောင်းလည်းဖေါ်ပြလိုပါသည်။

သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာကြပါစို့။(ဖိလိပ္ပိ ၂း၁-၈)နှင့် (၁ကော ၃း၆)တို့ဖြစ်ကြပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုယုံကြည်သဖြင့် ကျွန်ုပ်တို့ ဖတ်ရှုလေ့လာကြပါစို့။

ကျွန်တော်တို့ မဖတ်မိီ ခေါင်းငုံ၍ဆုတောင်းကြပါစို့။

7 ၇။ ကောင်းကင်ဘုံရှင်အဖဘုရားသခင် ယနေ့ည ကျွန်တော်တို့ ထူးချွန်သော သူများတို့ကိုတစ်ကယ်ပင်လိုလားကြပါသည်။ ဤခေတ်ကာလမှာ အသက်ရှင်၍ ဖြစ်ပျက်သမျှကိုမြင်တွေ့ကြရန်ဖြစ်ပါသည်။ အချိန်ကာလ နီးကပ်လာသည်ကို သိရှိစေရန်အတွက် ဖြစ်ပါသည်။ သခင်ယေရှုက မိမိ၏အသင်းတော်အတွက် ကြွလာတော်မူသောအခါ မည်မျှ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသနည်း ကိုယ်တော်။ ယနေ့ည ကျမ်းချက်များကို တစ်ရွက်ချင်းစီ လှန်လိုက်ပြီး ဤ ကျမ်းပိုဒ်ထဲမှ အကြောင်းအရာတစ်ခုကို ကိုယ်တော်ရှင် ပေးတော်မူပါမည့်အကြောင်း ကျွန်ုပ်တို့ဆုတောင်းကြပါ သည်။ သန့်ရှင်းသော ဝိညာဉ်တော်ကလည်း ကောင်းမြတ်၍ ဘုရားရှင်နှစ်သက်မည့်အရာများကို ကျွန်ုပ်တို့၏ နှလုံးသားများအား ဖေါ်ပြမည့်အကြောင်းသခင်ယေရှုဘုရား၏ နာမတော်မြတ်၌ ကျွန်ုပ်တို့ ဆုတောင်းကြပါသည်။ အာမင်။

8 ၈။ သင့်အားတစုံတခုလုပ်ရန်ကျွန်ုပ်ပေးမည်ဟု ယုံကြည်ပါ။ သင်သိထားရမည့်အရာမှာ ကျွန်ုပ် အမြဲပင် ထူးဆန်းသောအရာအချို့ကို မေးမြန်းပါသည်။ ကျွန်ုပ်မြော်လင့်၊ အလွန်ထူးဆန်း သောအရာကိုကျွန်ုပ်တောင်းဆိုနေခြင်း မဟုတ်ပါ။ သို့သော်လည်း ကျွန်ုပ်တို့ အလံတော်ကို အလေးပြုသောအခါ အားလုံးမတ်တပ်ရပ်ကြပါသည်။ မတ်တပ်ရပ်၍ အလေးပြုကြပါသည်။ နှုတ်ကပတ်တော်ကို ဖတ်ကြသောအခါမှာ မတ်တပ်ရပ်ကြပါစို့။(၂ကော ၃း၆)

ပဋိညာဉ်တရားသစ်၏ ဆရာဖြစ်နိုင်သောအစွမ်းသတ္တိကို ဘုရားသခင်သည် သင်တို့အား ပေးတော်မူ၏ ထိုသို့သော်ကျမ်းဟောင်းတရားကို မဆိုလို။ ဝိညာဉ်တော်တရားကို ဆိုလို၏။

ကျမ်းဟောင်းတရားသည် အသက်ကို သတ်တတ်၏။ဝိညာဉ်တော်တရားမူကား ရှင်စေ တတ်၏။ ထိုမှတစ်ပါး ပျောက်တက်သော ရောင်ခြည်တည်းဟူသောမောရှေ၏ မျက်နှာမှ ထွက် သော ရောင်ခြည်ကြောင့် ဣသရေလအမျိုးတို့သည် သူ၏မျက်နှာကိုစေ့စေ့မကြည့်ရှုနိုင်သည့် တိုင်အောင် ကျောက်ပြားပေါ်၌ အက္ခရာတင်၍ ရေးထားသောသေခြင်း၏တရားသည် ဘုန်းအာန ဘော်နှင့် ပြည့်စုံသည်မှန်လျှင် ထိုမျှမကဝိညာဉ်တော်တရားသည် ဘုန်းအာနဘော်တော်နှင့် အ လွန်ပြည့်စုံရလိမ့်မည် မဟုတ်လော။

အပြစ်စီရင်တတ်သော တရားသည်ဘုန်းအာနုဘော်ရှိလျှင် ထိုမျှမက ဖြောင့်မတ်စေတတ် သောတရားသည် ဘုန်းအားနုဘော်နှင့်သာ၍ ကြွယ်ဝပြည့်စုံလိမ့်မည်။ နောက်ဖြစ်သော ဘုန်း သည် အလွန်မြတ်သောကြောင့်ဘုန်းရှိဘူးသောအရာသည် ဘုန်းကွယ်လျှက်ရှိ၏။ ပယ်ရှင်းရ သောအရာသည် ဘုန်းရှိလျှင်တည်နေသောအရာသည် သာ၍ ဘုန်းရှိလိမ့်မည်။

ထိုသို့သော ယုံကြည်မြော်လင့်ခြင်းရှိသည်ဖြစ်၍ ငါတို့သည် တိမ်ဝှက်ခြင်း အလျှင်းမရှိ။ အတိအလင်းဟောပြောကြ၏ ပယ်ရှင်းသောအရာ၏ အဆုံးကို ဣသရေလ အမျိုးတို့သည် စေ့စေ့မ ကြည့်ရှုစေခြင်းငှာ မောရှေသည်မိမိမျက်နှာကိုဖုံးအုပ်သကဲ့သို့ ငါတို့သည် မပြုကြ။

သူတို့စိတ်နှလုံးသည် မိုက်မဲလျှက်ရှိ၍ယခုတိုင်အောင် ဓမ္မဟောင်းကျမ်းကို ဖတ်ကြသော အခါ အနက်အဓိပ္ပါယ်သည်ဖုံးအုပ်လျှက်ရှိ၏ အကြောင်းမူကား ခရစ်တော်အားဖြင့်သာ ထိုဖုံးအုပ် ခြင်းအကြောင်းကိုပယ်ရှင်းရ၏။

ယခုတိုင်အောင်လည်း မောရှေ၏ကျမ်းကိုဖတ်ကြားသောအခါ သူတို့စိတ်နှလုံးသည် ဖုံး အုပ်လျှက်ရှိသေး၏။ သို့သော်လည်းသခင်ဘုရားထံတော်သို့ ပြောင်းလဲသောအခါ ထိုဖုံးအုပ်ခြင်း အကြောင်းကိုပယ်ရှင်းလိမ့်မည်။

သခင်ဘုရားဟုဆိုသော် ဝိညာဉ်တော်တရားကိုဆိုလိုသတည်း။ သခင်ဘုရား၏ ဝိညာဉ် တော်တရားသည် လွတ်ခြင်းချမ်းသာကို ပေးတတ်၏။

ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျှက် မှန်ကို ကြည့်သကဲ့သို့ သခင်ဘုရား၏ ဘုန်းအသ ရေတော်ကို ကြည့်မြင်၍ဝိညာဉ်တော်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည် တိုင်အတိုင်း ငါတို့သည်ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်း ရှိရကြ၏။

9 ၉။ ဖိလိပ္ပိသြဝါဒစာအခန်းကြီး ၂-တွင် အငယ် ၁-မှ၈-အထိ ဖတ်နိုင်ပါသည်။

ထို့ကြောင့်ခရစ်တော်၌ သက်သာခြင်းမေတ္တာနှင့်စပ်ဆိုင်သော ချမ်းသာခြင်း ဝိညာဉ်တော် နှင့် မိဿဟာရဖွဲ့ခြင်း၊ သနားစုံမက်ခြင်းတည်းဟူသော အရာတစ်စုံတစ်ခုရှိလျှင် သင်တို့သည် အချင်းချင်းချစ်ကြ၍စိတ်မကွဲပြားဘဲ တစ်လုံးတစ်ဝတည်း ကြံစည်ခြင်းနှင့်တကွ သဘောတညီ တညွတ်တည်းရှိသောအားဖြင့် ငါဝမ်းမြောက်စရာ အကြောင်းကို ရှင်းလင်းစေကြလော့။

ရန်တွေ့လိုသောစိတ်အချည်းနှီးကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကို မျှ မပြုကြနှင့်။သူတစ်ပါးသည်

ကိုယ့်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသော စိတ်ရှိ၍ တစ်ယောက်ကိုတစ်ယောက် ထင်မှတ်ကြလော့။

ကိုယ့်အမှုကိုသာ မရှုမမှတ်ဘဲသူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့။

ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကိုသင်တို့၌လည်း ရှိစေကြလော့။

ထိုသခင်သည် ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့် ပြိုင်သော အမှုကို လုယူခြင်းအမှုဟူ၍မထင်မှတ်လျှက်ပင်။

မိမိအသရေကိုစွန့်၍အစေခံကျွန်၏သဏ္ဍာန်ကို ယူဆောင်လျှက် လူကဲ့သို့သော ဖွားမြင် ခြင်းကို ခံတော်မူ၏။ထိုသို့ လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျှက် အသေခံခြင်းသာ မဟုတ်၊ လက်ဝါးကပ်တိုင်မှာအသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ့်ကိုကို နှိမ့်ချတော်မူ၏။

ဆုတောင်းကြပါစို့။

10 ၁၀။ ကောင်းကင်ဘုံရှင်အဖဘုရားသခင် ယနေ့ည ဖတ်ကြားထားသော ဤနှုတ်ကပတ်တော် မြတ်သည် ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်မြတ်ထဲမှဖြစ်၍ ကျွန်ုပ်တို့၏ နှလုံးသားများထဲတွင် အမှန်တစ်ကယ်ပင်အဓိပ္ပါယ်ရှိပါသည်။ ဧမောက်မြို့မှ သွားသကဲ့သို့ ဤနေရာမှ ကျွန်ုပ်တို့ သွားကြပါမည်။ 'လမ်းတစ်လျှောက်လုံးမှာကိုယ်တော်ရှင် ကျွန်ုပ်တို့ကို စကားပြော၍ နှလုံးသားများ မတောက်လောင်ပေဘူးလား?' ယေရှုနာမ၌ဆုတောင်းကြပါ၏ အာမင်။ ထိုင်နိုင်ပါပြီ။

11 ၁၁။ ဤကျမ်းပိုဒ်မှာထူးခြားသော ကျမ်းပိုဒ်ဖြစ်ပါသည်။ သို့သော်လည်း အလွန်ပင် အခြေအနေ နှင့်သင့်တော်ပါသည်။ 'အကျွန်ုပ်တို့ကိုဖွင့်ပြသော ထာဝရဘုရားသခင်' ဆိုသောအကြောင်း အရာကို ကျွန်တော် ပြောလိုပါသည်။

သူရှိသကဲ့သို့ လူသားတို့၏နှလုံးသားထဲမှာ ဆာငတ်မှုလည်းရှိပါသည်။ သူမည်သည့်နေရာ မှ လာသည်ကိုရှာဖွေရန်လည်းဖြစ်ပါသည်။ ဘာကြောင့်ဤနေရာမှ ရှိ၍ ဘယ်ကိုသွားမည် စသည် တို့ဖြစ်ပါသည်။

12 ၁၂။ ဓမ္မဟောင်းကျမ်းကိုပြန်၍ ကြည့်ပါက ဘုရားသခင်သည် မိမိကိုယ်ကိုမိမိ ဖုံးထားကြောင်း တွေ့ရပါသည်။မယုံကြည်သူထံမှ မိမိကိုယ်မိမိ ဖော်ပြထားပါသည်။ ဘုရားသခင် အမှုပြုပါသည်။ ယေရှုကခမည်းတော်ကို ကျေးဇူးတင်ပါသည်။ 'ပညာတတ်နှင့်ယဉ်ကျေးသူများကို ဖုံးကွယ်၍ ကလေးငယ်လေးများကို ဖော်ပြပါသည်။' ဘုရားသခင်သည် မပြောင်းလဲပါ။သဘာဝအားဖြင့် လည်း မပြောင်းလဲပါ။ အမြဲတမ်း မပြောင်းလဲဘဲ အမှုပြုပါသည်။ မာလခိ၃-တွင် ကိုယ်တော်က..... 'ငါသည် ဘုရားဖြစ်၍ပြောင်းလဲခြင်းမရှိပါ။' ဟုဆိုထားသည်။တစ်ချိန်လုံး ကိုယ်တော်ရှင်က အလားတူအမှု ပြုခဲ့ပါသည်။

13 ၁၃။ ယခုကျွန်တော်တို့သမ္မာကျမ်းစာတွင် ရှေးအကျဆုံးစာအုပ်ကို ယူကြပါစို့။ ယောဘသည် သူ၏ခေတ်ကာလမှာအဖြောင့်မတ်ဆုံး လူသားတစ်ဦးဖြစ်၍ ဘုရားသခင်၏ ပညတ်တော်များထဲ တွင် အပြစ်ကင်းစင်သူဖြစ်သည်။ အစေခံကျွန်၊ မြင့်မြတ်သူ၊ လေးစားဘွယ်အစေခံကျွန်ဖြစ်၍ ဘု ရားသခင်ကပင် 'သူကဲ့သို့သော ပုဂ္ဂိုလ်မျိုးမရှိ' ဟုပြောရသည် အထိပင်ဖြစ်ပါသည်။သို့သော်လည်း ... သူ၏ဆန္ဒမှာ တစ်ချိန်တစ်ခါပင်ဘုရားသခင်ကို တွေ့မြင်ရန်ပင်ဖြစ်သည်။ ဘုရားသခင်ရှိကြောင်း သူကသိ၍ ကိုယ်တော်ကိုတွေ့မြင်လိုကြောင်း သူခံစားရပါသည်။ သို့မဟုတ်ပါက ကိုယ်တော်၏ အိမ်တော်သို့သွား၍တံခါးကို ခေါက်ပါသည်။ တံခါးခေါက်၍ပြောသည်မှာ 'သင်နှင့်ကျွန်ုပ် စကား ပြောလိုပါသည်။' ဟူ၍ ကိုယ်တော်ရှင်နှင့် စကားပြောပါသည်။တစ်ဦးနှင့် တစ်ဦးစကားပြောကြ သကဲ့သို့ ပြောပါ။

ကျွန်တော်တို့မှာ နားလည်မှုရှိပါသည်။ထိုအကြောင်းကြောင့် ကျွန်တော်တို့ ထိုအဖွဲ့ချုပ်ကြီးမှာ ပါဝင်ပါသည်။ကျွန်တော်တို့အားလုံး စုဝေးရောက်လာကြပြီး - ကျွန်တော်တို့၏ အတွေးများကိုဖော်ပြကြပါသည်။ ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး နားလည်ကြပါသည်။ တဦးနှင့်တဦး အကြောင်းအရာများကို ပြောကြသောအခါ ပိုကောင်းပါသည်။ အမှုတော်ဆောင်များထိုသို့ပြုလုပ်ကြပါသည်။ လူတန်းစားအသီးသီး ထိုသို့ပြုလုပ်ပါသည်။ အကြောင်းအရာများကိုပြောဆိုကြပါသည်။

14 ၁၄။ ယောဘအတွက်ဘုရားသခင်မှာ အမှန်တကယ် အဓိပ္ပာယ်ရှိပါသည်။ သူမသွားနိုင်သည့် အကြောင်းအရာကိုသူကရှာဖွေလိုပါသည်။ သူ၏တံခါးကို ခေါက်လိုပါသည်။ သူနှင့်အပြန်အလှန်ပြောဆိုဆွေးနွေးလိုပါသည်။

ဘုရားသခင် သူ့ကိုစကားပြောကြောင်းကျွန်တော်တို့တွေ့ရပါသည်။ သို့သော်လည်း သူ သည်ဖုံးကွယ်ခြင်းခံရပါသည်။လေဗွေအားဖြင့် ဖုံးကွယ်ခြင်းခံရပါသည်။ သူက ယောဘကို သူ၏ခါး ပန်းကိုစည်းထားရန်ပြောပါသည်။ ကိုယ်တော်က သူ့ကိုိ လူကဲ့သို့ စကားပြောပါမည်။ သူသည် လေဗွေအားဖြင့်ဆင်းသက်လာမည်ဖြစ်ပြီး ယောဘကို စကားပြောပါသည်။ လေဗွေအားဖြင့် သူက ယောဘကိုစကားပြောပါသည်။ လေဗွေအားဖြင့်သူ့ကို ယောဘကသိပါသည်။ သို့တိုင် သူက ကိုယ်တော်ကိုသေချာစွာမတွေ့ရပါ။ လေတိုက်သံကို သူက ကြားရရုံတွင်မက သစ်ပင်များထဲမှာ လှည့်ပတ်သွားလာနေပါသည်။လေဗွေထဲမှ အသံကို ကြားရပါသည်။ သို့သော်လည်း ဘုရားသခင် က လေဗွေထဲမှာဖုံးကွယ်နေပါသည်။

15 ၁၅။ တောင်အာဖရိကတွင် 'အမိုယာ' ဆိုသောစကားကို သူတို့သုံးကြပါသည်-အဓိပ္ပါယ်မှာ 'မတွေ့မမြင်ရသောအင်အား' ဖြစ်သည်။

လေဗွေထဲမှ ဤမမြင်ရသော အင်အားမှာထူးခြားသော အသံရှိပါသည်။ ယောဘကိုစကား ပြောပါသည်။ သို့တိုင်အောင် သူ၏ပုံသဏ္ဍာန်ကိုသူကမတွေ့ရပါ။ သို့သော်လည်း သူ့အားဖုံးကွယ် ထားပါသည်။ လေဗွေအားဖြင့်ဖုံးအုပ်ခြင်းခံရပါသည်။

ကျွန်တော်တို့ သမ္မာကျမ်းစာတွင်အကြီးမားဆုံး ပရောဖက်တစ်ပါးကို တွေ့ရပါသည်။ မောရှေဖြစ်၍ ဓမ္မဟောင်းကျမ်းတွင် ပါဝင်ပါသည်။ ဘုရားသခင် ရွေးချယ်သော လက်ရွေးစင်၊ ကြိုတင် ခန့်ခွဲ ထားသော အစေခံကျွန်များပင်ဖြစ်ပါသည်။ ကိုယ်တော်ကို လည်းတွေ့မြင်လိုပါသည်။ သူသည် ကိုယ်တော်ရှင်နှင့်အလွန်နီးကပ်ပါသည်။ ကိုယ်တော်၏ ကြီးမြတ်လှသော လက်တော်ဖြင့် များစွာသောအရာများကိုတွေ့မြင်ရပါသည်။ ဘုရားမှာ ပြုလုပ်နိုင်သော အရာများကို ပြုလုပ်နိုင်ပါ သည်။တနေ့သောအခါမှာ သူက ကိုယ်တော်ကို တွေ့မြင်လိုပါသည်။ ဘုရားသခင်က သူ့ကိုပြောပါ သည်။ 'သွား၍ ကျောက်ပေါ်မှာ ရပ်ပါ' ဟူ၍ဖြစ်သည်။

ကျောက်ပေါ်မှာရပ်နေသောအခါကိုယ်တော်ဖြတ်သွားသည်ကို မောရှေက တွေ့ရပါသည်။ ကိုယ်တော်၏ နောက်ကျောကို တွေ့ရပါသည်။ သူကပြောပါသည်။ 'လူ၏နောက်ကျောနှင့်တူ သည်' သို့တိုင်ကိုယ်တော်ကို သူက မတွေ့ရပါ။ ဘုရားသခင်၏ဖုံးကွယ်ထားသော ပုဝါကိုသာ တွေ့ ရပါသည်။

16 ၁၆။ သမ္မာကျမ်းစာဆိုထားသည်မှာ 'ဘယ်အခါမှာမှဘုရားသခင်ကို လူတို့က မတွေ့ရပါ။ သို့ သော်လည်း ခမည်းတော်၏ တစ်ပါးတည်းသော သားတော်ကသူ့ကိုကြေငြာပါသည်။' မောရှေကကိုယ်တော်ကို တွေ့မြင်ရပါသည်။ လူကဲ့သို့ တွေ့မြင်ရပါသည်။ ဓမ္မဟောင်းကျမ်း၏ ယေဟောဝါဘုရားသခင်မှာ ဓမ္မသစ်ကျမ်း၏ ယေရှုဖြစ်ကြောင်း သိရပါသည်။

ဒေါက်တာစကောမီးလ်က သူ၏စကားကို 'ပုံစံ' မှ ပြောင်းလဲပစ်လိုက်ပါသည်။ ဂရိစကား တွင် En Morphe ဆိုသော စကားလုံးကိုကျွန်ုပ်တို့တွေ့ရပါသည်။ အဓိပ္ပာယ်မှာ 'မတွေ့မြင်ရသောအရာကို တွေ့မြင်ရသည်' ဟူ၍ဖြစ်သည်။မဖြစ်နိုင်သောအရာ တစုံတခုဖြစ်သည်။... ထိုနေရာ မှာရှိကြောင်းကျွန်တော်တို့သိရပါသည်။ ကိုယ်တော်သည် သူ၏ပုံစံကို ပြောင်းလဲလိုက်သောအခါ En Morphe နှင့်ဆိုင်သောအရာကိုပြောင်းလိုက်သောအခါ သဘာဝထက် လွန်ကဲသောအရာမှ သဘာဝအရာ သို့ ပြောင်းလဲခြင်းဖြစ်ပါသည်။

သူ၏မျက်နှာဖုံးကို သူကပြောင်းလဲပစ်လိုက်ခြင်းဖြစ်ပါသည်။ ၎င်းအရာမှာ ပြဇါတ်ကဲ့သို့ဖြစ် ပါသည်။ သူသည်အမူအယာပြုလုပ်နေခြင်း ဖြစ်ပါသည်။ ဂရိစကားတွင် သူတို့၏ မျက်နှာဖုံးကို ပြောင်းလဲလိုက်သောအခါပြဇါတ်တစ်ပုဒ်၊ ပြဇာတ်မင်းသားတစ်ဦးက အပိုင်းအမျိုးမျိုးမှာ အမူ အယာအမျိုးမျိုးလုပ်ပြနေခြင်းဖြစ်ပါသည်။

ဤနေရာတွင်ရှိသော ကျွန်တော်၏သမီးမှာအထက်တန်းကျောင်းတွင် ပြဇာတ်တိုက်ရပါသည်။ ကျွန်တော်သိသော လူငယ်လေးတစ်ဦးမှာလေးမျိုးသရုပ်ဆောင်ရပါသည်။ သူသည် စင်နောက် သို့သွားပြီး မျက်နှာဖုံးကိုပြောင်းလဲလိုက်ပါမည်။ ပြန်ထွက်လာနိုင်ရန်အတွက်ဖြစ်ပါသည်။ နောက် တစ်မျိုး ထပ်၍သရုပ်ဆောင်နိုင်ရန်အတွက်ဖြစ်ပါသည်။

17 ၁၇။ မေရှိယနှင့်ပတ်သက်သော ဓမ္မဟောင်း ပရောဖက်ပြုချက်များကို ယူပါကသခင်ယေရှု အသက်တာနှင့်သင်ကနှိုင်းယှဉ်နိုင်ပါမည်။ သခင်ယေရှုမည်သူဖြစ်ကြောင်းလည်း အတိအကျသိရ ပါမည်။သူသည် သာမာန်လူတစ်ဦးမဟုတ်ပါ။ သူသည် ဘုရား EnMorphe ဖြစ်ပါသည်။ သူသည် သဘာဝထက်လွန်ကဲသော လူသားပုံစံမှ သာမာန်လူသားပုံစံကိုပြောင်းလဲသွားရပါသည်။ သို့တိုင် သူသည် ဘုရားဖြစ်ပါသည်။ ဇာတိအားဖြင့်ခေါ်ပြခြင်းခံရ၍ လူသားအဖြစ် ဖုံးကွယ်ထားသည့် ဇာတိအဖုံးပင်ဖြစ်ပါသည်။ဓမ္မဟောင်းကျမ်းစာကိုကြည့်ပါ။

ရောထွေးနေသော ပရိတ်သတ်ကိုကျွန်တော်စကားပြောနေကြောင်း ကျွန်တော်သိပါသည်။ ယနေ့ညနေ ကမ္ဘာအရပ်ရပ်မှပရိတ်သတ်ပေါင်းစုံသည်။ ဤနေရာသို့ ရောက်လာပြီးအဖြေရှာပါ မည်။ ကျွန်တော်တို့ဘာလုပ်ကြပါသလဲ? ကျွန်တော်တို့သည်ဘာဖြစ်ကြပါသလဲ? ကျွန်တော်တို့ဘယ်ကိုသွားကြမည်နည်း? ဘာဖြစ်နေပါသလဲ? ဤအရာများအားလုံး၏ အဓိပ္ပါယ်မှာဘာဖြစ်ပါသ လဲ?

18 ၁၈။ ယခုကျွန်တော်တို့တွေ့ရသောအရာမှာ ယုဒအမျိုးသားနှင့် အမျိုးသမီးအနည်းငယ်နှင့် ကျမ်းပြုဆရာများမှာဗိမာန်တော်ထဲနေသော ခေတ်ကာလ ကုန်ဆုံးသွားပါပြီ။ သူတို့သမ္မာကျမ်းစာ ကိုကြည့်ပြီးပရောဖက်ပြုချက်များအစား အစဉ်အလာကိုသာ ကြည့်ပါက သခင်ယေရှုမည်သူ ဖြစ်ကြောင်းသူတို့သိကြပေမည်။ သူ့ကိုဘယ်တော့မှ ဇေလဇေဗုလဟု ခေါ်ကြမည်မဟုတ်ပါ။ သူ့ ကိုဘယ်တော့မှကားတိုင်ပေါ်တင်၍ သတ်ကြမည် မဟုတ်ပါ။ သို့သော်လည်း အားလုံးကို ဖြတ် တောက်ပစ်ရပါမည်။ဇာတ်လမ်း၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်ပါသည်။ သူတို့အားလုံး ဤကိစ္စနှင့် ပတ်သက်၍မျက်စိကွယ်ကြရပါသည်။

19 ၁၉။ ယနေ့ညအမျိုးသားများနှင့် အမျိုးသမီးများစွာ ထိုကဲ့သို့ပင် ဖြစ်ပါသည်။ ကျွန်တော်နှင့်အရွယ်တူ သို့မဟုတ် ပို၍ အသက်ကြီးကြပေမည်။ အမေရိကန်နိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း များစွာက ... တရုတ်...ဒီနေရာမှာ မိတ်ဆက်ပေးသော ကျွန်တော်၏ညီအစ်ကိုမှာကျွန်တော့်စိတ် ထဲမှာ သူနှင့် စကားပြောစဉ် ပေါ်လာပါသည်။ သူတို့လုပ်နေကျ... သူတို့ အင်္ဂလိပ်စကား မပြော တတ်ကြပါ။ အဝတ်ဖွတ်သည့်အလုပ်ကိုလုပ်ကိုင်ကြပါသည်။ အဝတ်လျှော်လိုပါက သူတို့ဆိုင်သို့ သွားနိုင်ကြပါသည်။ တရုတ်ကြီးကစက္ကူတခုကို ဆွဲဖြဲ သင့်ကို တစ်ပိုင်းပေးပြီး အခြားတစ်ပိုင်းကို သူက ယူထားပေမည်။သင်ပြန်လာ၍ အဝတ်များကို ရွေးသောအခါ စက္ကူစနှစ်စမှာ တစ်ခုနှင့် တစ်ခု အံဝင်ဂွင်ကျဆက်နေမှသာ သင့်အဝတ်ပြန်ရွေးနိုင်ပေမည်။ အတိအကျပြန်၍ မဆက်နိုင် ပါက.... ဘယ်လိုနည်းနှင့်မှ ပြန်မရနိုင်ပါ။ အကြောင်းမှာ သင့်ထံတွင်တစ်ပိုင်းရှိပြီး သူထံမှာ အခြား အပိုင်း ရှိသောကြောင့် ဖြစ်ပါသည်။

ယနေ့ညလည်း ဤသို့ပင်ဖြစ်ပါသည်။ကျွန်တော်တို့မှာ ပိုင်းထားသော အခြားတစ်ပိုင်းရှိပါက ရပါမည်။ ဘုရားသခင်သည်မိမိ၏သားတော်ကို ကားတိုင်ပေါ်တွင် နှစ်ပိုင်းဆုတ်ဖြဲလိုက်ပါသည်။ ခန္ဓာကိုယ်ကိုယဇ်ပူဇော်ရန်အတွက် ယူဆောင်၍ မိမိသားတော်၏ ဝိညာဉ်တော်ကို ကျွန်ုပ်တို့ထံ စေလွှတ်ခဲ့ပါသည်။ ထိုဝိညာဉ်မှာ တချိန်ကလူသားယေရှုအတွင်းမှာ ကျိန်းဝပ်ခဲ့သော ဝိညာဉ်ဖြစ်ပါ သည်။ အလားတူ ဘုရားသခင်သည် ယနေ့ညဖုံးကွယ်ခြင်းခံရပါသည်။ သန့်ရှင်းသော ဝိညာဉ် တော်၏ ပုံစံနှင့်ဖြစ်ပါသည်။ ထိုအပိုင်းနှစ်ပိုင်းသည် အတူတကွ ဆက်စပ်မှုရှိရပါမည်။ သို့မှသာ သင် သည် စာချုပ်၏တစ်စိတ်တပိုင်း ဖြစ်ပေမည်။ ဘုရားသခင်သည်

မိမိကိုယ်ကိုမိမိ လူဇာတိခံသော အခါ လူသားကပိုမိုသိရှိရန် ထိုသို့ပြုလုပ်ခဲ့ပါသည်။

20 ၂၀။ လွန်ခဲ့သောနှစ်အနည်းငယ်ခန့်က ကျွန်တော်ပုံပြင်တစ်ပုဒ် ဖတ်ခဲ့ပါသည်။ ဤပုံပြင်ထဲတွင်အလွန်ကြီးမြတ်သော ဘုရင်ကြီးတစ်ပါးအကြောင်း ဖော်ပြထားပါသည်။... ကျွန်တော် ဘုရင်နာမည် မမှတ်မိတော့ပါ။ကျွန်တော်ပုံပြင်ကို ပြောပြဖို့စိတ်ကူးမရှိပါ။ အကြောင်းအရာမှာ ကျွန်တော်ပြော လိုသော အကြောင်းအရာကိုနောက်ခံဖြစ်စေမည့် အချက်အလက်ကို ဦးတည်နေပါသည်။ ဤဘု ရင်ကြီးမှာ တကယ်ကြီးမြတ်သောဘုရင်ကြီးဖြစ်ပါသည်။ သူပိုင်ဆိုင်သော အရာများကိုလည်း မြတ် နိုးသူ ဖြစ်ပါသည်။သို့သော်လည်း တနေ့သောအခါမှာ သူ၏ အစောင့်များနှင့် တော်ဝင်ခံစားနေရာ မှရုတ်တရက်ပြောလိုက်ပါသည်။ ‘ယနေ့သင်တို့ငါ့ကို နှစ်ပေါင်းများစွာအတွင်း အချိန်တွေ့မြင်ရခြင်းဖြစ်ပါသည်။’

သူ၏အစောင့်နှင့် မှူးမတ်များက သူ့ကို ‘ကောင်းမြတ်သော မင်းကြီး၊ ဘာကြောင့်ထိုသို့ ပြောရပါ သနည်း?’။

ကိုယ်တော်ရှင်မိန့်တော်မူသည်မှာ ‘ငါဒီမှာဘဲနေတယ်’ ဟူ၍ဖြစ်သည်။ ငါ၏အရာဝတ္ထုများ အကြားငါသွားနေပါသည်။ လယ်သမားဖြစ်လာရပါမည်။ ရဲဒင်းနှင့်သစ်ပင်ကို ငါခုတ်မည်။ ငါသည်မြေကို ထွန်ခြစ်ဖြင့် ထွန်မည်။ စပျစ်နွယ်ပင်များကို စပျစ်နွယ်ဖြတ်သည့်စက်ဖြင့်ဖြတ်မည်။ သူတို့ ဘာလုပ်သည်ကို သိစေရန် ပိုမို၍ ရင်းနှီးမှုရှိစေရန် သူတို့တစ်ဦးအပါအဝင်ဖြစ်မည်။ သူတို့ကို ကျွန်ုပ်ချစ်ပါသည်။ သူတို့နှင့် ပုဂ္ဂိုလ်ရေးရာအရပိုမိုရင်းနှီးလိုပါသည်။ သူတို့က ကျွန်ုပ်ကို သိကြ မည်မဟုတ်ပါ။သို့သော်လည်းသူတို့နှင့် ထိုနည်းအတိုင်း ကျွန်တော်က ရင်းနှီးလိုပါသည်။

21 ၂၁။ နောက်တနေ့မနက်မှာသူ၏ကိုယ်စာလှယ်များနှင့် သူ၏လူများ သူ့ကိုတွေ့သွားသောအခါ သို့မဟုတ်ပါကနန်းတော်ထဲမှာ နေသောသူများက သူ၏သရဖူကို ချွတ်၍ ပလ္လင်ပေါ်မှာ တင်ထား သည်။ဝတ်ရုံကိုချွတ်၍ လယ်သမားအဝတ်အစားများကို ဝတ်ဆင်ပြီး သာမာန်လူအများကြားမှာလျှောက်သွားပါသည်။ ထိုပုံပြင်ကလေးထဲမှာ ဘုရားသခင်အကြောင်း တွေ့ရပါသည်။

သူတို့က ရှင်ဘုရင်ကို ပြောပါသည်။ ‘အရှင်မင်းကြီး ကျွန်ုပ်တို့ကိုယ်တော်ကိုလိုပါသည်။ ကိုယ်တော်ကိုချစ်ပါသည်။ ကိုယ်တော်ကို ဘုရင်အဖြစ်နှင့် ရှိနေစေလိုပါသည်။’ သို့သော်လည်း သူက သူတို့ထဲမှတစ်ဦးဖြစ်စေလိုပါသည်။ သူတို့ကို ပိုသိလာစေရန်အတွက်၊ သူတို့က သူ့ကို ပိုမိုသိရှိလာစေရန်အတွက် တကယ်ဘဲ သူဖြစ်ရပါသည်။ သူတကယ်တမ်း ဘာဖြစ်သလဲဆိုတာကို သူတို့အားပြသပါမည်။

22 ၂၂။ ဘုရားသခင်လည်းထိုသို့ပင် ပြုလုပ်ခဲ့ပါသည်။ ကိုယ်တော်ရှင်သည် မိမိကိုယ်မိမိ ပြောင်း လဲပစ်ပါသည်။ ယေဟောဝါဘုရားသခင်အဖြစ်မှ ကျွန်ုပ်တို့နှင့် တလုံးတဝတည်းဖြစ်၍ ကိုယ်တော် ကဝေဒနာခံစားခဲ့ရပါသည်။ သေခြင်းတရားကိုပင် သူကမြည်းစမ်းခဲ့ရပေမည်။ သေခြင်းတရား၏အဆိပ်အတောက်ကိုပင် သူကသိခဲ့ပေမည်။ သူ့ကိုယ်ပေါ်သို့ သူက သေခြင်းတရား၏ အဖိုးအခကိုယူတင်ဝတ်ဆောင်ခဲ့ပါသည်။ သူ၏သရဖူကို ဘေးသို့ချထားပြီး သူ၏ဝတ်ရုံကိုပါချထား၍ကျွန်ုပ်တို့ နှင့် တစ်သားတည်းဖြစ်ရပါသည်။ နှိမ့်ချသောသူများနှင့်အတူ ကိုယ်တော်ကနှိမ့်ချ၍ ခြေဆေးပါ သည်။ ဆင်းရဲသားများနှင့်အတူ တဲထဲမှာနေပါသည်။အနှိမ်ခံများနှင့်အတူ သူကသစ်တောထဲ၊ လမ်းထဲမှာ လျှောက်သွားပါသည်။ သူသည်ကျွန်ုပ်တို့ထဲက တစ်ဦးဖြစ်လာပြီး ကျွန်ုပ်တို့ကို ပိုမိုနား လည်လာပါသည်။ကိုယ်တော်ကိုလည်း ကျွန်ုပ်တို့က ပိုမိုနားလည်လာရန်ပင် ဖြစ်ပါသည်။

23 ၂၃။ ယခုအခါမှာထိုအထဲတွင် ကိုယ်တော်သည် မိမိကိုယ်ကို ပြောင်းလဲကြောင်း ကျွန်ုပ်တို့ တွေ့လာရပါသည်။ သူဘာလုပ်ကြောင်းလဲ သိလာရပါသည်။ သင်သတိပြုမိပါက သူသည် သားသုံးပါး၏ နာမဥ္စကြွလာတော်မူခြင်းဖြစ်ပါသည်။ လူသား၏ နာမ၊ ဘုရားသား၏နာမနှင့် ဒါဝိဒ်သား၏ နာမဥ္စသူကကြွလာတော်မူခြင်းဖြစ်ပါသည်။ လူသားအဖြစ် ကိုယ်တော်ကြွလာတော်မူပါသည်။

ယေဇကျေလအား ပရောဖက် ‘လူသား’ ဟုခေါ်ဆိုပါသည်။

လူသား၏ အဓိပ္ပါယ်မှာ ‘ပရောဖက်’ ဖြစ်ပါသည်။ တရားဟောရာကျမ်း (၁၈း၁၅)ကို ပြည့်စုံ စေရန် အတွက်ထိုနည်းလမ်းအတိုင်း သူလာရပါမည်။ မောရှေမိန့်တော်မူသည်မှာ ‘ငါကဲ့သို့သော ပရောဖက်မျိုးကိုကိုယ်တော်ရှင်က သင်တို့အလယ်မှာထွက်ပေါ်လာစေပါမည်။ သူက သူ့ကိုယ်သူ ဘုရားသားတော်ဟုမခေါ်ပါ။ ’ သူ့ကိုယ်သူ ‘လူသား’ ဟုသာ ရည်ညွှန်း၍ ပြောဆိုပါသည်။ အ ကြောင်းမှာ သူသည်သမ္မာကျမ်းစာနှင့်အညီ ကြွလာတော်မူရမည် ဖြစ်ပါသည်။ ဖွဲ့ထားသော စက္ကူ စနစ်စပြုလုပ်ရပါမည်။ သူ၏ပုံစံအတိုင်းနှင့် ဓမ္မဟောင်းပရောဖက်ပြုချက် ဖြစ်ပါသည်။ အတိအကျအမှန်အကန်ပင် ဖြစ်ပါသည်။ သူကြွလာ၍ လူသားဖြစ်ပါသည်။ ထိုပုံစံနှင့်ကြွလာခြင်းဖြစ်ပါသည်။

24 ၂၄။ ကိုယ်တော်ရှင်သေဆုံးပြီးနောက် သင်္ချိုလ်၍ ရှင်ပြန်ထမြောက်ပါသည်။ ပင်တေကုတ္တေနေ့ မှာသူကြွလာတော်မူ၍ ဘုရားသားတော်အဖြစ် ဘုရားအဖြစ် ဝိညာဉ်တော်ပုံစံနှင့်သန့်ရှင်းသော ဝိညာဉ်တော်အဖြစ် ကြွလာတော်မူပါသည်။ ကိုယ်တော်ရှင် ဘာလုပ်ပါသနည်း? သူ့ကိုယ်သူပြောင်း လဲပစ်ပါသည်။ခြားနားသောပုံစံဖြင့် သူ၏လူများက သူ့ကိုယ်သူ သိစေပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်ကဲ့သို့ ဘုရားဖြစ်၍ အသင်းတော်ခေတ်ကာလများမှာ ဘုရားသားတော် သန့်ရှင်းသောဝိညာဉ်တော်အဖြစ် အမှုပြုပါသည်။

မိလေနိကာလမှာ သူသည် ဒါဝိဒ်သားတော်အဖြစ်ကြွလာတော်မူပါသည်။ ဒါဝိဒ်တည်းဟူ သော ဘုရင်အဖြစ် ပလ္လင်တော်ပေါ်မှာထိုင်နေတော်မူပါသည်။ ဒါဝိဒ်မင်းကြီး၏ ပလ္လင်ကို သူကယူ ရပါမည်။ သူသည် ခမည်းတော်၏ ပလ္လင်တော်ပေါ်မှာယခုအခါမှာ ရှိနေပါသည်။ သူမိန့်တော်မူ သည်မှာ ‘အနိုင်ရသောသူသည် ငါ၏ ပလ္လင်ပေါ်မှာ ငါနှင့်အတူထိုင်ခွင့်ရပြီး ငါသည် အောင်မြင် ခွင့်ကိုရ၍ ငါ့ခမည်းတော်၏ ပလ္လင်ပေါ်မှာထိုင်နေခွင့်ရပါသည်။ မိလေနိကာလမှာ သူသည် ဒါဝိဒ် ၏သားတော်ဖြစ်ရပေမည်။’ ဘာဖြစ်ပါသနည်း။ တစ်ချိန်လုံး အလားတူဘုရားသခင်ပင်ဖြစ်၍ သူ၏ မျက်နှာဖုံးကို ပြောင်းလဲပစ်ခြင်းသာ ဖြစ်ပေမည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ ဇနီးအတွက်ခင်ပွန်းသည် ဖြစ်ပါသည်။

25 ၂၅။ သင်သတိပြုမိပါသလား? တစ်ပါးအမျိုးသမီးတစ်ဦးက 'ဒါဝိဒ်မင်း၏သားတော် ဂရုဏာပြု တော်မူပါ။' ဟုပြောဆိုပါသည်။ ကိုယ်တော်ကို သူကလုံးဝဂရုမထားတော့ပါ။ သူမက ကိုယ်တော် ကို ထိုသို့ခေါ်ခွင့်မရှိပါ။ဒါဝိဒ်သားတော်အဖြစ် ပြောဆိုပိုင်ခွင့် မရှိပါ။ ယုဒတို့အတွက် သူသည်ဒါဝိဒ်၏သားတော်ဖြစ်ပါသည်။ ယခုသူလာပါပြီ။ ....... သို့သော်လည်း သူမက သူ့ကိုခေါ်သောအခါမှာ 'ကိုယ်တော်'ဖြစ်၍ သူမ၏ သခင်ဖြစ်ပါသည်။သူမတောင်းသောအရာကို သူမရပါသည်။ ကိုယ် တော်သည် မိမိကိုယ်ကိုပြောင်းလဲခြင်းဖြစ်ပါသည်။

26 ၂၆။ ယခုကျွန်ုပ်၏ အိမ်မှာ ကျွန်ုပ်သည် ခြားနားသောသူ သုံးမျိုးသုံးစား ဖြစ်နေပါသည်။ကျွန်ုပ် ၏အိမ်မှာ ကျွန်ုပ်၏ ဇနီးက ခင်ပွန်းသည်အဖြစ် ကျွန်ုပ်ကိုပြောပိုင်ခွင့်ရှိပါသည်။ ကျွန်ုပ်၏ သမီးမှာ မူ ခင်ပွန်းအဖြစ် ပြောခွင့်မရှိပါ။ဖခင်ဖြစ်ပါသည်။ မြေးကလေးမှာလည်း အဖိုးအဖြစ် ခေါ်ခွင့်ရှိပြီး ဖခင်အဖြစ်ခေါ်ခွင့်မရှိပါ။ သူ၏ဖခင်လည်းမဟုတ်ပါ။ ကျွန်ုပ်၏သားက သူ၏ဖခင်ဖြစ်ပါသည်။ ကျွန်တော်သည် သူ၏ အဖိုးဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော်သည် အလားတူ ပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါသည်။

ဘုရားသခင်ပြုသည့်အရာမှာ မိမိကိုယ်ကိုမိမိပြောင်းလဲ၍ ထိုမျိုးဆက်အတွက် ထိုသူများ သူတို့ကိုယ်သူတို့သိစေရန်အတွက်ပင်ဖြစ်ပါသည်။ ယနေ့ည ကျွန်တော်တို့ ဤနေရာမှာ ရောက် နေရခြင်းအကြောင်းပင် ဖြစ်ပါသည်။ မည်သည့် နည်းနှင့် ဘုရားသခင်သည် ဤလူများကို မိမိ ကိုယ်ကိုမိမိ သိလာစေရန်အတွက် ဤအချိန်မှာ ဘာပြုပါသနည်း?။ သူ၏မျက်နှာဖုံးကို သူပြောင်း ပစ်လိုက်ပါသည်။သူ၏လုပ်ရှားမှုကိုလည်း သူပြောင်းလိုက်ပါသည်။ သို့သော်လည်း သူ၏ မျက်နှာ ဖုံးကိုသာသူပြောင်းပစ်ခြင်း ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရခြင်းမှာ လူများကို ပိုမိုရှင်းလင်းစွာဖော်ပြ နိုင်ရန်အတွက်ပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် သူဖြစ်ကြောင်းကိုသိ၍သူဘာဖြစ်သည်ကို သိစေရန် ဖြစ်ပါသည်။

27 ၂၇။ ဟေဗြဲ(၁)တွင်ကျွန်တော်တို့ ဖတ်ရသည့်အကြောင်းမှာ 'ဘုရားသခင်သည်ဘိုးဘေးများ ကို စကားပြော၍ ပရောဖက်များအားဖြင့် မှာကြားပါသည်။' သို့သော်လည်း နောက်ဆုံးအချိန်မှာသူ၏သားတော်ယေရှုအားဖြင့် စကားပြောပါသည်။

ယေရှုက 'ပရောဖက်များသည် ဘုရားကလေးများဖြစ်ကြပါသည်။' ဟု ဤလောကတွင် အသက်ရှင် စဉ်ကမိန့်တော်မူခဲ့ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် ရောက်လာသည်များကို သင်က 'ဘုရားကလေးများ' ဟုခေါ်ပါသည်။ 'ကျမ်းစာများကို ချိုးဖဲ့ပစ်၍မရပါ။' ဟုကိုယ်တော်က ပြောပါသည်။သူမိန့်တာ်မူသည်မှာ 'ကိုယ်တော်ကိုမည်သို့စီရင်နိုင်ပါမည်နည်း?' သူသည် ဘုရား သားတော်ဖြစ်နေပါက မည်သို့စီရင်ပါမည်နည်း?။

28 ၂၈။ ခေတ်ကာလတိုင်းအပေါ်ဘုရားသခင်၏ နှုတ်ကပတ်တော် ပေးအပ်ချမှတ်ခြင်းခံရပါသည်။ ထိုသို့ ချမှတ်ရမည် ဖြစ်ပါသည်။ ယေရှုသည်လည်း ပရောဖက်ပြုချက်များအားလုံး ပြည့်စုံစေမည်။ 'ကိုယ်တော်ထဲမှာ ဘုရားသခင်သည်ကိုယ်ခန္ဓာကိုယ်အားဖြင့် ပြည့်ဝစွာ ကျိန်းဝပ်တော်မူပါသည်။ ကိုယ်တော်ရှင်အထဲမှာဖြစ်ပါသည်။' သူသည်ယောသပ်အတွင်း၌ရှိသောသူဖြစ်ပါသည်။ ဒါဝိဒ် တည်းဟူသော ငြင်းပယ်ခံရသော ဘုရင်ထဲမှာကျိန်းဝပ်တော်မူသောသူဖြစ်ပါသည်။

သူ၏လူမျိုးကိုယ်တိုင်က သူ့ကိုဘုရင်အဖြစ်မှ ငြင်းပယ်ထားပါသည်။ သူသည် ရုံးဝင်းထဲမှ ထွက်သွားသောအခါ အနည်းငယ်သောဒါဏ်ရာရထားသူတစ်ဦးက သူ့ကို မကြိုက်ပါ။ သူ၏ အစိုးရ စံနစ်ကို မနှစ်သက်ဘဲသူ၏မျက်နှာကို တံတွေးဖြင့် ထွေးလိုက်ပါသည်။ အစောင့်ဖြစ်သူက သူ၏ခါး ကိုထုတ်၍ပြောလိုက်ပါသည်။ 'ငါ၏ဘုရားအားတံတွေးနှင့်ထွေးသူ၏ ခေါင်းကို ဖြတ်ပြီးထားခဲ့ရ မလား?'

ဒါဝိဒ်က မသိဘဲနှင့် ထိုအချိန်ကပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း ဘိသိတ်ပေးခြင်းခံရပါ သည်။ သူက 'သူ့အားတစ်ဦးတည်းဘဲထားပါ။ ဘုရားသခင်ကထိုသို့လုပ်ရန် သူ့အားပြောပါသည်။' ဟုဆိုသည်။ သူသည် တောင်ကုန်းပေါ်တက်၍ ယေရှုရှလင်မြို့ကို ကြည့်ပြီး ငိုပါသည်။ ငြင်းပယ် ခြင်းခံရသော ဘုရင်ဖြစ်သည်။

သင်သတိပြုမိပါသလား? ထိုစဉ်အခါမှစ၍ နှစ်ပေါင်းရာနှင့်ချီ၍အချိန်အနည်းငယ်ကြာပါသည်။ ဒါဝိဒ်၏ သားတော်က လမ်းမများပေါ်မှာ တံတွေးနှင့်ထွေးခြင်းခံရပါမည်။ အလားတူ တောင်ကုန်း ပေါ်မှာ ဖြစ်ပါသည်။ ယေရှုရှလင်မြို့တည်းဟူသောငြင်းပယ်ခံရ သည့်ဘုရင်ကို ငုံ့ကြည့်၍ ရပါသည်။ ၎င်းနောက် ငိုကြွေး၍ 'ယေရှုရှလင်မြို့ကြက်မသည် မိမိသားကလေးများကို စုဝေး၍ မိမိ၏တောင်ပံအောက်မှာ ထားရန်ပြုလုပ်သကဲ့သို့ကျွန်ုပ်ပြုလုပ်သော်လည်း မရခဲ့ပါ။' မည်မျှ ကြိုးစားရပါမည်နည်း?။

29 ၂၉။ သူ၏သဘာဝကို သူက ဘယ်တော့မှ မပြောင်းလဲပစ်ပါ။ အကြောင်းမှာ (ဟေဗြဲ ၁၃း၈)တွင်ဆိုထားသကဲ့သို့ဖြစ်ပါသည်။ 'ကိုယ်တော်ရှင်သည်မနေ့၊ ယနေ့ နှင့်ထာဝရကာလအတူတူပင် ဖြစ် ပါသည်။' ဘုရားသခင်သည် လူ့ဇာတိခံယူ၍ အသက်အသေခံရန်အတွက်ကျွန်ုပ်တို့အား အပြစ်မှ ကယ်တင်ရန်အတွက် ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့်မိမိကိုယ်မိမိ ပြောင်းလဲခဲ့ပါသည်။ လူသားအ ဖြစ် ပြောင်းလဲခဲ့ပါသည်။

ယောဟန် ၁၂း၂ဝ တွင် ဂရိတို့ကကိုယ်တော်အသံကို ကြားရကြောင်းပြောသည်ကို တွေ့ရပါသည်။ ကိုယ်တော်အကြောင်း မည်သူမျှကြားရမည် မဟုတ်ပါ။ သူ့ကို တွေ့မြင်နိုင်ရန် သူတို့၏ စိတ်နှလုံးများ တောက်လောင်မှသာတွေ့မြင်နိုင်သည်။ ယောသပ်နှင့် ရှေးပရောဖက်များကဲ့သို့ပင် ဖြစ်ပါသည်။သူတို့အားလုံး ကိုယ်တော်ကို တွေ့မြင်လိုကြပါသည်။ ထို့ ကြောင့် ဤဂရိလူမျိုးကကိုယ်တော်ကို တွေ့ရန်ကြွလာတော်မူပါသည်။ ဖိလိပ္ပိထံသို့ သူတို့ရောက် လာပါကြပါသည်။ဗက်ဇဲဒမြို့တွင်းသို့ ရောက်လာပြီး 'ကျွန်ုပ်တို့ယေရှုကို တွေ့လိုပါသည်။' ဟုပြောပါသည်။

30 ၃၀။ ဂရိများကကိုယ်တော်ကို တွေ့လိုကြပါသည်။ သို့သော်လည်း ၎င်းတို့ သူ့ကို မြင်ခွင့်မရပါ။အကြောင်းမှာ သူသည် သူ၏လူသားဗိမာန်တော်ထဲမှာ ရှိနေသောကြောင့်ဖြစ်ပါသည်။ ဘုရားသ ခင်သည်ခရစ်တော်၌ ရှိတော်မူ၍ မိမိကိုယ်ကို ကမ္ဘာလောကကြီးနှင့် ပြန်လည်သင့်မြတ်စေလိုပါသည်။ ယခုကျွန်ုပ်တို့ တွေ့ဆုံရသည်မှာ ဤဂရိများကိုယ်တော်ကို မတွေ့မမြင်ရကြပါ။

သခင်ယေရှုနောက်ပိုင်းမှာ သူတို့ကိုဖော်ပြသော စကားများကို သတိပြုပါ။ သူပြောသော စကားမှာ 'ဂျုံပင်၏ အနှံသည် မြေပေါ်သို့မကျပါကတစ်ခုတည်းသာ ရှင်သန်နေပါသည်။' တစ်ခြား စကားများအားဖြင့် ပြောရမည်ဆိုလျှင် သူတို့သည် ကိုယ်တော်ကိုအပြောင်းအလဲဖြင့် ဘယ်တော့မှ တွေ့မြင်ရကြတော့မည်မဟုတ်ပါ။ ထိုစဉ်က မျက်နှာဖုံးဖြင့်ဖြစ်သည်။ သူ့အား လူသားဇာတိနှင့် ဖုံး ကွယ်ထားသောကြောင့် ဖြစ်ပါသည်။ သို့သော်လည်းထိုဂျုံနှံသည် မြေပေါ်သို့ ကျသွားသောအခါ လူမျိုး အားလုံးကိုပေါ်ထွက်လာစေပါမည်။ သူ့အား ဂျူးများထံသို့ ထိုစဉ်အခါ စေလွှတ်ခြင်း ခံရပါ သည်။ သို့သော် ဂျုံနှံသည်ကျွတ်ကျသွားရပါမည်။ ဘုရားသခင်ကို လူသားဇာတိနှင့် ဖုံးကွယ် ထား၍ မယုံကြည်သူများထံမှဖုံးကွယ်ထားခြင်း ခံရပါသည်။ သို့သော်လည်း ယုံကြည် သူများအ တွက်ဖော်ပြခြင်းခံရပါသည်။

31 ၃၁။ ယောဟန်အခန်းကြီး(၁)တွင် 'အစအဦး၌နှုတ်ကပတ်တော် ရှိတော်မူ၍ နှုတ်ကပတ် တော်သည် ဘုရားသခင်နှင့်အတူ ရှိတော်မူသည်။' နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူသည်။ နှုတ်ကပတ်တော်သည် လူဇာတိခံယူ၍ ကျွန်ုပ်တို့အကြားတွင်ကျိန်းဝပ်တော်မူပြီး ကျွန်ုပ်တို့လည်း ကိုယ်တော်ကိုချီးမြှောက်၍ ကျေးဇူးတော်နှင့်ပြည့်ဝသော ဘုရားသခင်၏ တစ်ပါး တည်းသော သားတော်ဖြင့် ချီးမြှောက်သည်။ အစအဦး၌နှုတ်ကပတ်တော်ရှိ၍ နှုတ်ကပတ် တော်မှာ အတွေးကို ဖော်ပြခြင်း ဖြစ်ပါသည်။

အစအဦး၌သူသည် ဘုရားပင် မဟုတ်ပါ။ယခုအခါမှာ ကျွန်ုပ်တို့၏ အင်္ဂလိပ်စာလုံး 'ဘုရား' ၏အဓိပ္ပါယ်မှာ 'ဝတ်ပြုကိုးကွယ်ရန်အရာ' ဖြစ်ပါသည်။ စိတ်နှလုံးအတွက်မည်မျှစိတ်ရှုပ်ထွေးဖွယ် ဖြစ်ပါသနည်း?သင်ကတစ်စုံတစ်ယောက်အား သူ့ကို ဘုရားဖြစ်စေနိုင်ပါသည်။ ဘာကိုပဲဖြစ်ဖြစ်ဘုရားဖြစ်စေနိုင်ပါသည်။

သို့သော်လည်း ဓမ္မဟောင်းကျမ်း၊ကမ္ဘာဦးကျမ်း(၁)တွင် 'အစအဦး၌ဘုရားသခင်သည်' ဆိုသောစကားလုံးကိုသုံးထားပါသည်။ အီလိုဟင်ဆိုသော စကားလုံးကို သုံးထားပါသည်။ အီလို ဟင်၏ အဓိပ္ပာယ်မှာ 'မိမိကိုယ်ကို ရှိသည်' ဟု အဓိပ္ပါယ်ရသည်။ အီလိုဟင်းသည်ထူးခြားသော စ ကားလုံးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စကားလုံးဖြစ်ပါသည်။ အီလိုဟင်း၏အဓိပ္ပါယ်မှာ 'မိမိကိုယ်ကို ရှိသည်ဟု ဖော်ပြသောသူ'ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် မိမိကိုယ်ကို ရှိသည်ဟုမဖော်ပြနိုင်ပါ။ အရာခပ်သိမ်းကို တက်နိုင်သည်။ နေရာတိုင်းမှာ ရှိသည်။အရာခပ်သိမ်းကို သိသည်ဟု မပြနိုင်ပါ။ အီလိုဟင်းက ထိုအရာအားလုံးကိုဖော်ပြလိုက်ပါသည်။ ကျွန်ုပ်တို့ ထိုသို့ မဖြစ်နိုင်ပါ။ သင်က ဘုရားဖြစ်စေသော သစ်ပင်အဆောက် အဦးက ဘာမှမလုပ်နိုင်ပါ။ မိမိကိုယ်ကို ရှိသည်ဟု မဖော်ပြနိုင်ပါ။

32 ၃၂။ ဘုရားသခင်သည်အစအဦးမှာ အသက်ဖြစ်သည်။ ထာဝရအသက်လည်းဖြစ်ပါသည်။ သူ့ အထဲ၌ လက္ခဏာများရှိ၍ ထိုလက္ခဏာများမှာနှုတ်ကပတ်တော်များ ဖြစ်ပါသည်။ နှုတ်ကပတ် တော်က ဇာတိအသွေးအသားများ ဖြစ်လာပါသည်။ယေရှုက ကယ်တင်ရှင်ဖြစ်သည်။ ကယ်တင် ရန်ဆိုသော အဓိပ္ပါယ်မှာ 'ပြန်လည်ယူဆောင်လာရန်' ဖြစ်ပါသည်။ သူက ထိုအရာကို ပြန်လည်၍ယူဆောင်လာရန်အတွက် တစ်နေရာရာမှာ ရှိရမည်ဖြစ်ပြီး ပြန်လည်၍ ဆောင်ယူလာရပါမည်။ လူအားလုံးက ထိုအရာကို ဘယ်တော့မှ တွေ့မြင်နိုင်မည်မဟုတ်ပါ။ အကြောင်းမှာ လူအားလုံးသည်အစအဦး၌ ဘုရားသခင်၏ အတွေးများထဲတွင်မရှိပါ။

33 ၃၃။ ယဇ်ပုရောဟိတ်များကိုကြည့်ပါ။ သူသည် နှုတ်ကပတ်တော်နှင့် မိမိကိုယ်ကိုမိမိအတိအကျ ဖော်ပြပါရန်တွေ့ရသောအခါ သူတို့က ပြောပါသည်။ 'သူသည်ဗေလဇေဗုလပင် ဖြစ်ပါသည်။' သူ တို့၏သဘာဝကို သူတို့ဖော်ပြခြင်းဖြစ်ပါသည်။ နေ့ရက်ကာလ၏ ခေတ်ပေါ်အတွေးအခေါ်ပင် ဖြစ်ပါသည်။

တံခါးဝမှာ သူတွေ့ခဲ့သောပြည်တန်ဆာမလေးမှာ သူ၏မေရှိယ လက္ခဏာကို ဖော်ပြပြီး သူမဘာလုပ်ခဲ့သည်ကို ပြောပြပါသည်။ 'ဘာကြောင့်လဲ' ဟု သူမက ဆိုပါသည်။ 'သူသည် ပရော ဖက်ဖြစ်ကြောင်းကျွန်တော်သိပါသည်။' ကျွန်ုပ်တို့၏မေရှိယဖြစ်ကြောင်း ကျွန်ုပ်သိပါသည်။ မေရှိ ယကြွလာသောအခါ သိပါသည်။ သူက ဤအရာများကိုကျွန်ုပ်တို့အား ပြောပြပါမည်။ သူမက ကိုယ်တော်ကို မေရှိယအဖြစ် အသိအမှတ်ပြုပါသည်။ဘိသိတ်ခံရသောသူဖြစ်သည်။ အကြောင်း မှာ သူသည် ကျမ်းစာနှင့်ကိုက်ကြီးသောကြောင့်ဖြစ်ပါသည်။ သင်သိပါသလား?။ ပရိတ်သတ်ကအာမင်ဟုဆိုသည်။ အယ်ဒီတာ၊ စာရွက်နှစ်ရွက်ကို ဆက်ရပါမည်။ သူမက 'မေရှိယကြွလာ မည့်အချိန်ကိုကျွန်ုပ်တို့သိပါသည်။'

34 ၃၄။ ယခုအခါမှာဘုရားသခင်သည် ဤအရာနှင့်ထိုအရာကို ပေါင်းစပ်ပေးရပါမည်။ အိုးထိန်းကဲ့ သို့ခေါင်းလောင်းထိုးသံကို ရရပါမည်။ သို့သော်လည်း ယေရှုပြန်လာ၍ ပြောသောအခါ။ 'ဗေလ ဇေဗုလ' ကဲ့သို့ဖော်ပြချက်မှာ 'ကျွန်ုပ်သည် သင်တို့ပြောသောသူပင်ဖြစ်သည်ဟု ဆိုထားပါသည်။' သူမသည် သူမ၏ရေအိုးကို ထားခဲ့ပြီး မြို့ထဲသို့ပြေးသွားသည်။ လာ၍ ကျွန်မကို ပြောခဲ့သောအရာများကို ကြည့်ပါ။ သူသည် မေရှိယမဟုတ်ပေဘူးလား?။

ယခုဤအရာကို ဘာလုပ်သင့်ပါသလဲ? အတွေ့အကြုံနှင့် ဤကျမ်းချက်အဟောင်းကိုထည့် ထားပြီး ယေရှုက သူမကို မေးနေပါသည်။ ဘာလုပ်ပါသလဲ? မေရှိယကို ပြုလုပ်ပါသည်။ သင်ဘာ ကိုသတိပြုမိပါသလဲ? လျှင်မြန်စွာပင်သူမ၏ အပြစ်များကို ခွင့်လွှတ်လိုက်ပါသည်။ အကြောင်းမှာ အစအဦး၌ သူမသည်ကယ်တင်ဘွယ်ရာဖြစ်သည်။ အကြောင်းမှာ သူမသည် ဘုရားသခင်၏ အ တွေးထဲမှာအစအဦးကတည်းကရှိပါသည်။ သူမကို ကယ်တင်ပါသည်။ သူမကို ပြန်လည် ယူ ဆောင်လာပါသည်။အကြောင်းမှာ သူမသည် အစအဦး၌ ဘုရားသခင်၏ အတွေးထဲမှာရှိပါသည်။ သူမကို ကယ်တင်၍ သူမကို ပြန်လည်ယူဆောင်လာပါသည်။သူမသည် ကျမ်းစာအားဖြင့်

ဖော်ပြ၍ ယေဟောဝါဘုရားကို ပေါ်လွင်စေပါသည်။ ကိုယ်တော်သည်ဘာဖြစ်ခဲ့သည်။ ကိုယ်တော်သည် ဘာဖြစ်နေသည် စသည်ဖြင့် ဖြစ်ပါသည်။

35 ၃၅။ သခင်ယေရှုကြွလာတော်မူသောအခါမှာနောဧ၏ သတင်းစကားဖြင့်သူက ကြွလာခြင်း ဖြစ် ပါသည်။ အလုပ်မဖြစ်ပါ။ သင်္ဘောကိုတည်ဆောက်ရန်အတွက် မျောသွားရန်အတွက် မဖြစ်နိုင်ပါ။ နောဧသည် ဘုရားသခင်၏တစ်စိတ်တစ်ပိုင်းဖြစ်သဖြင့် သူသည် ထူးခြားသော နည်းဖြင့် လှုပ်ရှား ပါသည်။အကြောင်းမှာ သူသည် အထွဋ်အထိပ်သို့ရောက်၍ သူ၏စကားများလည်း အထွဋ်အထိပ် ဖြစ်ပါသည်။ အကြောင်းမှာ နှုတ်ကပတ်တော်သည် ဖော်ပြခြင်းခံရသောကြောင့် ဖြစ်ပါသည်။

သူသည် မောရှေ၏ သတင်းစကားဖြင့်မလာနိုင်ပါ။ အကြောင်းမှာ အကျိုးမရှိသောကြောင့် ဖြစ်ပါသည်။ မောရှေမှာဘုရားသခင်ဖော်ပြရန် ပြုလုပ်ခြင်းခံရပါသည်။ သူသည် ထိုကာလအတွက် ဖော်ပြခြင်းခံရသောနှုတ်ကပတ်တော်ဖြစ်ပါသည်။ သို့သော်လည်း ယေရှုက ထိုအထဲမှ မလာနိုင်ပါ။ ထိုနည်းအတိုင်းလာမည်ဟု သမ္မာကျမ်းစာက ဘယ်တော့မှ ဖော်ပြမထားပါ။

သို့သော်လည်း သူကြွလာသောအခါ အတိအကျဖော်ပြပါသည်။ သူ့အား ဖော်ပြမည်ဟုလည်း ကျမ်းစာကဖော်ပြထားပါသည်။ ကယ်တင်ပိုင်သောသူအားလုံး ထိုအရာကို ယုံကြည်ပါသည်။ အကြောင်းမှာ ၎င်းတို့သည် ဘုရား၏ အတွေးများဖြစ်ပါသည်။သူ၏ လက္ခဏာများကို အစအဦး၌ လူဇာတိဖြစ်လာ၍ ကယ်တင်တော်မူခြင်းခံရပြီး ဘုရားသခင်ထံပြန်လည်၍ ယူဆောင်လာ ပါသည်။ 'ကိုယ်တော်ကိုလက်ခံသမျှသော သူအပေါင်းတို့အား ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ကိုပေးတော်မူသည်' အကြောင်းမှာ သူတို့သည်ကယ်တင်ပိုင်ခွင့်ရှိသောကြောင့် ဖြစ်သည်။ အစအဦး၌ လူဇာတိ ၎င်းတို့သည် ဖော်ပြခြင်းခံရပါသည်။

36 ၃၆။ ဤနေရာမှာကျွန်ုပ်တို့ ခေတ္တရပ်ထားလိုပါက ဖြစ်နိုင်ပါမည်။ ယနေ့ည စဉ်းစားကြည့်ပါ။ ခေတ်ကာလ၏မေရှိယဖြစ်ပါသည်။ ယေဟောဝါ၏ အတွေးများကို ဖော်ပြပါသည်။ 'ကမ္ဘာလော ကကြီး၏ အုတ်မြစ်အခြေခံမစတင်မီကပင် ဖြစ်ပါသည်။' 'ကျွန်ုပ်တို့၏အမည်များကို သိုးသူငယ် ၏ စာစောင်ထဲတွင် ထည့်ထားပါသည်။' ထိုအခါ ကျွန်ုပ်တို့သည်နှစ်ဖက်မြင်လာပါသည်။ ကျွန် တော် ပထမဆုံး ပြောခဲ့သကဲ့သို့ ဖြစ်ပါသည်။ ဘာကြောင့်တစ်ခုနှင့်တစ်ခု မတူညီပါသနည်း ?ထို နည်းအတိုင်းပင် ဖြစ်ရပါမည်။ 'သူသည်နှုတ်ကပတ်တော်ဖြစ်ပါသည်။ နှုတ်ကပတ်တော်သည် လူဇာတိခံယူတော်မူ၍ ကျွန်ုပ်တို့နှင့်အတူကျိန်းဝပ်တော်မူပါသည်။'

37 ၃၇။ လွန်ခဲ့သောဓမ္မဟောင်းခေတ်ကာလက သူ၏ လူများကို ကိုယ်တော်က မိမိကိုယ်ကိုပုံစံ မျိုး စုံနှင့်ဖော်ပြပါမည်။ သူ့ကိုယ်သူ ဟောင်းနွမ်းသော သားရေများဖြင့် ဖုံးအုပ်ထားသည်။ သူ၏ ဂုဏ်ရောင်ပလ္လင်ပေါ်မှာ ဖြစ်သည်။ ရှောလမုန်မင်းကြီးသည် ဗိမာန်တော်ကို ကိုယ်တော်အတွက် ဆက်ကပ်သောအခါ ဤသားရေများကို ချိတ်ဆွဲထားပါသည်။ သူသည် မီးတိုင်ကဲ့သို့ ကြွလာသည့်တိမ်တိုင်အဖြစ်လည်း ကြွလာပါသည်။ ထို့နောက်မှာ ဆင်းသက်သွား၍ မိမိကိုယ် ပြင်ပမှမတွေ့စေ ရန် ဖုံးကွယ်လိုက်ပါသည်။ ယုံကြည်ခြင်းအားဖြင့် သူပြန်လည် ရောက်လာကြောင်းဣသရေလက သိပါသည်။ သူထိုနေရာမှာ ရှိကြောင်း သူတို့သိပါသည်။ တစ်ပါးအမျိုးသားလောကကဘာဘဲပြော ပြော ဂရုမစိုက်ပါ။ မယုံကြည်သူများက သူကို မမြင်ရပါ။ သို့သော်လည်းယုံကြည်သူက ယုံကြည် ခြင်းအားဖြင့် သူသည် ထိုနေရာသို့ ပြန်ရောက်လာပါမည်။ သူတို့မှာဂုဏ်ရောင်ရှိပါသည်။ အလွန်ကြီး မားသော လျှို့ဝှက်ချက် ဖြစ်ပါသည်။

38 ၃၈။ ဓမ္မဟောင်းကျမ်းထဲတွင်ထိုသားရေနောက်သို့ ဝင်ရောက်ခြင်းမှာ သေခြင်းပင် ဖြစ်သည်။ နောက်ကွယ်မှာရှိနေခြင်းသည် သေခြင်းတရားပင်ဖြစ်သည်။ သူ၏ ဘုန်းတော်တဲသို့ ဝင်ရောက် ခြင်းမှာ သေခြင်းပင်ဖြစ်ပါသည်။ သူ၏ဘုန်းတော်နှင့် ဝေးကွာစွာ နေခြင်းမှာ သေခြင်းပင်ဖြစ်ပါ သည်။ထိုသို့ဖြစ်ပေါ်ခြင်းမှာ ကားတိုင်ပေါ်တွင် ဖုံးကွယ်ထားသော လိုက်ကာကိုဆွဲဖြဲခြင်းပင် ဖြစ်ပါ သည်။ လိုက်ကာကို ဖြဲလိုက်သောအခါ အဟောင်းကိုဆွဲဖြဲလိုက်ခြင်းပင် ဖြစ်ပါသည်။ ၎င်းနောက် သူ၏ရှေ့မှောက်သို့ဝင်ရောက်ခြင်းမှာသေခြင်းပင် ဖြစ်ပါသည်။ အရှေ့အနောက် အပြောင်းအလဲ ရှိပါသည်။ကျွန်ုပ်တို့မည်သည့်နေရက်မှာ အသက်ရှင်နေထိုင်ကြောင်း ကျမ်းစာမှာ ရှာဖွေရပါမည်။

39 ၃၉။ ကရာနီကုန်းပေါ်မှာလိုက်ကာကို ဆွဲဖြဲလိုက်သောအခါ ဂုဏ်ရောင်တော်ပလ္လင်ကို အတိုင်း သား မြင်ရပါသည်။ (သို့သော်လည်းဘာဖြစ်လာပါသနည်း ? ကားတိုင်ပေါ်တွင်ဆွဲထားခြင်းကို ခံရ ပါသည်။ အသွေးနှင့် နှစ်မြှုပ်ထားပါသည်။) သူတို့သည်တစ်နှစ်တစ်ခါအသွေးကို ယူသောအခါ ပလ္လင်တော်ရှေ့မှာ သန့်ရှင်း၍ ဂုဏ်ရောင်တော်ပလ္လင်ကိုအသွေးနှင့် ပက်ဖြန်းရပါသည်။ ဘုရားသခင် သည်သူ၏ကြီးမြတ်သော တန်ခိုးတော်နှင့် မိုးချုန်းသံဖြင့် သားရေလိုက်ကာကို အထက်မှ အောက်သို့တိုင် ဆွဲဖြဲလိုက်ပါသည်။ ဂုဏ်ရောင်တော်ပလ္လင်သည်လည်း ထင်ရှားသောမြင်ကွင်းမှာပေါ်လာ ပါသည်။

တစ်ကယ်စစ်မှန်သော ဘုရားသခင်၏သိုးသူငယ်တော်မြတ်မှာ ကားတိုင်တော်၏ မြင်ကွင်းမှာ ထင်ရှားစွာပေါ်လွင်လာပါသည်။ ဘုရားသခင်ကအဖိုးအခကို မိမိကိုယ်တိုင် မှတ်သားထားပါ သည်။ ကျွန်ုပ်တို့နှင့် တစ်ဦးအပါအဝင်ဖြစ်၍ကျွန်ုပ်တို့လည်း ကိုယ်တော်နှင့် ပတ်သက်ပါသည်။ ဂုဏ်ရောင်တော်ပလ္လင်မှာလည်း ဣသရေလအားလုံး၏ ထင်ရှားသော မြင်ကွင်းမှာ တွေ့ရပြီး ပေါ်လွင် လာ၍ ထိုသေခံသောနေ့မှာပေါ်လွင်လာပါသည်။

40 ၄၀။ ထိုနေ့ခေတ်ကာလကအသင်းတော်၏ အစဉ်အလာများအရ ဂုဏ်ရောင်တော်ပလ္လင်ကို လူများ မမြင်စေရန် ဖုံးကွယ်ထားပါသည်။ သူတို့သည် သမ္မာကျမ်းစာကို သိပါက အပိုင်းအစတစ်ခုစီမှာ တရုတ်စက္ကူကဲ့သို့ဖြစ်ပေမည်။ ဓမ္မဟောင်း ပရောဖက်ပြုချက်မှာ ပြည့်စုံမည်ဖြစ်ပါသည်။ သမ္မာကျမ်းစာအားဖြင့် သွန်သင်ခြင်းခံရပါက ဂုဏ်ရောင်တော်ပလ္လင်ကို တွေ့ရပါမည်။ 'မောရှေပြောသကဲ့ သို့' ဖြစ်နေပါသည်။ယနေ့ထက်တိုင်ဖုံးကွယ်ခြင်းခံရ၍ သူတို့၏ နှလုံးသားများပေါ်မှာ ရှိနေပါ သည်။သူတို့မမြင်တွေ့ရပါ။

41 ၄၁။ သို့သော်လည်းကိုယ်တော်သည် ဘုရားဖြစ်တော်မူ၏ ဒုက္ခဝေဒနာခံခြင်းနှင့် ယဇ်ပူဇော်ခံ ခြင်းဖြစ်သည်။သူသည် တစ်ကယ်စစ်မှန်သော ဂုဏ်ရောင်တော်ပလ္လင်ဖြစ်တော်မူ၏ မြင်ကွင်းမှာ အပြည့်အဝတွေ့ခွင့်ရပါသည်။ ကျွန်ုပ်တို့သည် ဓမ္မသီချင်းဆိုကြပါသည်။

ကိုယ်တော်ကိုမြင်ကွင်းမှာထင်ရှားစွာတွေ့ရပါစေ။

ထိုနေရာမှာ ကြီးမြတ်သောအောင်နိုင်သူရှိပါသည်။

သူသည် လိုက်ကာကို နှစ်ခြမ်းခွဲပြီးဖြစ်ပါသည်။

ကိုယ်တော်သည် ဂရုဏာတော်ပလ္လင်မှတဆင့်ကြွလာတော်မူ၍ ပရိတ်သတ်မြင်နိုင်စေရန် ရှင်း လင်းသော မြင်ကွင်းတွင်ချိတ်ဆွဲထားပါသည်။ သို့သော်လည်း ထင်ရှားသော အပြင်ရှိပါ သည်။....

အမျိုးသားအမျိုးသမီးနှင့် ဤအသင်းချုပ်၏ကိုယ်စားလှယ်များကို ကျွန်တော်လူမျက်နှာ မထောက်ပဲ ပြောလိုပါသည်။ သို့သော်လည်းယနေ့မြင်ကွင်းအရ ယနေ့ဤ နေရာမှာ ဘာကြောင့် ကျွန်ုပ်တို့ ရှိနေရသည်ကို ပြောရလျှင်ဘိုးဘေးများ၏ဖခင်များ၊ အသင်းတော်ဖခင်များသည် ဤအ ရာကို များစွာသော လူအများမမြင်စေရန် ဖုံးကွယ်ထားခြင်းဖြစ်ပါသည်။ ဤသန့်ရှင်းသော ဝိညာဉ် တော်သည် နောက်ဆုံးသောနေ့ရက်များမှာလာရောက်ပြီး ပရောဖက်ပြုပါသည်။ လိုက်ကာမှာ လည်း ကွဲထွက်သွားပါသည်။ လူပေါင်းများစွာတို့သည် ဘိုးဘေးများ၏ အစဉ်အလာကို ဆွဲကိ်ုင် ကြပါသည်။ ထို့ကြောင့်သူတို့သည် ဤအစွန်းရောက်သော ဝမ်းမြောက်ခြင်းကို မတွေ့ကြရဘဲ ငြိမ်သက်ခြင်းနှင့်အခြားအရာများ အသင်းတော်တွင် ဤနေ့ရက်များမရှိသော အရာများကို တွေ့ရပါသည်။ ယုံကြည်သောသူများအတွက် ရှင်းလင်းစွာ တွေ့ကြရသော အရာဖြစ်ပါသည်။

ကိုယ်တော်ကနှုတ်ကပတ်တော်တည်းဟူသောဤနေ့ရက်ကာလ၏ ကတိတော်စကားကို ကွယ်ဝှက်ထားပါသည်။

42 ၄၂။ ယခုအခါမှာအစဉ်အလာများက လိုက်ကာပြုလုပ်ကြပါသည်။ အံ့ဘွယ်နမိတ်လက္ခဏာနေ့ ရက်များကုန်ဆုံးသွားပြီးဖြစ်ပါသည်။ လူတစ်ဦးက ကျွန်ုပ်ကိုစကားပြောပါသည်။ သားနား၍ ယဉ်ကျေးမှုရှိသော အရီဇိုးနားပြည်နယ် တူဆန်မြို့ရှိ ယဉ်ကျေးသော ပုဂ္ဂိုလ်ကြီးဖြစ်၍ကျွန်တော်၏ ဇာ တိမြို့ ဖြစ်ပါသည်။ ရာမဒါမှာ ကျွန်တော်စည်းဝေးပြုလုပ်ပါသည်။ကျွန်တော်တို့ စီးပွားရေးလုပ်ငန်း ရှင်မှာ စည်းဝေးမှာ စကားပြောကြပါသည်။သခင်ယေရှုကြွလာတော်မူပြီး ကြီးမားသော အရာများ ကို ပြုလုပ်ခဲ့ကြသည်။ဤခရစ်ယာန်လူကြီးသည် ကျွန်တော်ထံရောက်လာပါသည်။ သူပြောသည် မှာ 'ဘရာသာ ဘရမ်ဟမ်၊သင်သည် တမန်တော်ခေတ်ကာလလူများကို ရည်ညွှန်းပြုလုပ်လျှက် ရှိပါသည်။' ဟုသူကပြောသည်။ 'တမန်တော်ခေတ်ကာလမှာတဖြေးဖြေးနှင့် ဆုတ်ယုတ်သွားပါ သည်။'

ကျွန်တော်က 'ညီအစ်ကို ကျွန်တော်ဆုတောင်းပေးပါတယ်။တမန်တော်ခေတ်ကာလ မည် သည့်အချိန်မှာ ဆုတ်ယုတ်သွားကြောင်းကျွန်တော်ကို ဖော်ပြပါ။ ကျမ်းစာအထောက်အထားနှင့်ပြ ပါ' ဟုဆိုလိုက်သည်။ 'တမန်တော်ခေတ်ကာလသည်ပင်တေကုတ္တေနေ့ရက်မှာ စတင်ပါသည်။... ပင်တေကုတ္တေနေ့မှာ ပြောဆိုပါသည်။' ဂတိတော်သည် သင့်အပေါ် သက်ရောက်ပါသည်။ဘုရား သခင် ရွေးချယ်တော်မူသော သူများအားလုံးအပေါ်မှာ သက်ရောက်ပါသည်။ ' ဘယ်အခါမှာ လျော့ နည််းသွားပါသနည်း ? ဘုရားသခင် ခေါ်နေဆဲဖြစ်ပါက တမန်တော်ခေတ်ကာလမှာ ရှိနေဆဲဖြစ် ပါသည်။

43 ၄၃။ ထိုစဉ်ကကဲ့သို့ပင်လူကြီးများက သူတို့၏ အစဉ်အလာများအားဖြင့် လူအတော်များများကို မျက်စိအဝတ်ဖြင့်အုပ်ခဲ့ခြင်းခံရသဖြင့် မမြင်တွေ့ကြရဘဲ ဖြစ်ခဲ့ရပါသည်။ လူမှာ အလွန်စိတ်အားထက်သန်ပြီး စိတ်နှိုးဆော်ခြင်း ခံရပါသည်။ အခြားသူများအတွက် ဤအစည်းအဝေးကြိ်ီးမှာအထူး အဆန်းဖြစ်နေတတ်ပါသည်။ သူတို့တွေ့မြင်ကြရသောကြောင့် ထိုအတားအဆီးများကြားမှ တစ်ဆင့် ချို့ဖွဲ့သွားရသောကြောင့် ဖြစ်ပါသည်။ ထိုလိုက်ကာများကို ကျော်ဖြတ်၍သွားကြရပါသည်။ ဘုရားသခင်ရှေ့တော်မှောက်သို့ ရောက်ပြီး ဤခေတ်ကာလ၏ဖေါ်ပြထားသောဂတိတော်ကို သူတို့ မြင်တွေ့ကြရပါသည်။ လူအများရှေ့မှာ ဖေါ်ပြခြင်းခံရပါသည်။ဘုရားသခင် မည်သို့ ဂတိပြုကြောင်း သူတို့ တွေ့ မြင်ကြရပါသည်။

44 ၄၄။ ယောလ၂း၂၈မှာ ကိုယ်တော်ရှင် ဂတိပေးထားသည့် အရာကို တွေ့ရပါသည်။ 'ထို့နောက် မှ လူမျိုးတကာတို့အပေါ်သို့ငါ၏ ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်' ဂရိစကားလုံး (kenos) ၏အဓိပ္ပါယ်မှာ ကိုယ်တော်သည် 'မိမိကိုယ်ကိုဘာမှမရှိသကဲ့သို့' ပြုလုပ်လိုက်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ ပြောရမည့်နည်းလမ်းမဟုတ်ပါ။ တစ်စုံတစ်ဦး၏ အတွင်း၌ တစ်စုံတစ်ရာရှိသကဲ့သို့ ဖြစ်ပါသည်။ သူသည်သူ့ကိုယ်သူ သူညဖြစ်စေပါသည်။ သို့သော်လည်း သူ့ကိုယ် အပြင်သို့ မောင်းထုတ်လိုက်ပါသည်။

ကိုယ်တော်က သူ၏ (Em morphe)ကိုပြောင်းလဲပစ်လိုက်ပါသည်။ သူဖြစ်ခဲ့သည့် အရာမှ သူဖြစ်သည့်အရာကိုပြောင်းလဲပစ်လိုက်ပါသည်။ သူ၏သဘာဝကို သူကဘယ်တော့မှ မပြောင်းလဲ ပစ်ပါ။ သို့သော်လည်းပင်တေကုတ္တေနေ့မှာ သူ့ကိုယ်သူ ပြောင်းလဲပစ်လိုက်သည်။ လူသားတော် အဖြစ်မှမိမိကိုယ်မိမိ ပြောင်းလဲခြင်းဖြစ်ပါသည်။ ဘုရားသားတော်အဖြစ် ပြောင်းလဲပစ်လိုက်ပါသည်။ လူအများနှင့် မဟုတ်ဘဲ သူရောက်လာပါသည်။ လူသားများအားဖြင့် သူကြွလာတော်မူပါသည်။ အလားတူ ဘုရားသခင်ပင် ဖြစ်ပါသည်။ ဤကြီးမြတ်သော ခေတ်ကာလမှာ သူ၏သာသ နာ ကိုသူဆက်လက်လုပ်ရှားပါသည်။

45 ၄၅။ သမ္မာကျမ်းစာထဲတွင်သူက ပရောဖက်ပြုထားပါသည်။ 'နေ့(သို့)ညမဟုတ်သော နေ့ ရောက်လာပါမည်။ သို့သော်လည်း ညနေခင်းအချိန်မှာအလင်းပေါ်ပေါ်ထွက်လာသင့်ပါသည်။' နေအလင်းသည် ပထဝီသဘောအရ အရှေ့မှ ထွက်ပြီး အနောက်ဖက်သို့ ဝင်သွားပါသည်။ အလားတူနေပင် တစ်ချိန်လုံးဖြစ်နေပါသည်။ သားတော်က မိမိကိုယ်ကိုမိမိ ဂတိတော်နှင့်ယှဉ်သောအရာ ကို မိမိကိုယ်ကို မိမိဖေါ်ပြသည်။ ဣသရေလအမျိုးအရှေ့တိုင်းသားများကိုဖေါ်ပြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့မှာ ကောင်းမွန်သောနေ့ရောက်ရှိပါသည်။ ပြန်လည် ပြုပြင်ရေးသမားများ ခေတ်ကာ လက

ကျွန်တော်တို့အလင်းရသင့်သလောက် ရပါသည်။ အသင်းတော်များနှင့် ဂိုဏ်းဂဏများ ပြုလုပ်ပြီးၔင်းတို့ကို ဆက်နွယ်၍ ဝင်လာပါမည်။ ကလေးငယ်များကို နမ်းရှုံ၍ သက်ကြီးရွယ်အိုများနှင့် လက်ထပ်သည်။ သေဆုံးသူများကို သင်္ဂြိုလ်၍ အသင်းတော်ထဲမှာအသက်ရှင်နေထိုင်ပါသည်။

သို့သော်လည်း ညနေခင်းအချိန်မှာ 'အလင်းကို မြင်တွေ့ရပါမည်။' သူက 'ညနေခင်း အချိန်' ဟုပြောပါမည်။ မည်သည့်ကျမ်းချက်ကိုမှ ချိုးဖဲ့ဖျက်ဆီးပစ်၍ မရပါ။ အလားတူ သားတော်သည် မိမိကိုယ်ကို ပြင်ပသို့ မောင်းထုတ်လိုက်ပြီး Kenos ဟုပင်တေကုတွေ့နေ့မှာ ဂတိထားတော်မူ သည့်အတိုင်းညနေခင်းအချိန်မှာ အလားတူအရာကိုပင် ပြုလုပ်ပါသည်။ ဂတိတော်အရဖြစ်ပါ သည်။

စက္ကူစနစ်စကို ပြန်၍ ပေါင်းစပ်လိုက်ပါ။ဘာဖြစ်နေသလဲဆိုတာကို ကြည့်ပါ။ သူဘာဂတိ ပေးသလဲဆိုတာကို ကြည့်ပါ။ ထိုအခါ သင်သည်ကျွန်တော်တို့ ဘယ်နေရာရောက်နေကြောင်း တွေ့ရပေမည်။ ထိုအရာကို ဆက်လိုက်ပါ။ ကြီးမြတ်၍တန်ခိုးနှင့်ပြည့်စုံသူကို လိုက်ကာဖွင့်လိုက် ကြောင်း သင်တွေ့ရပေမည်။ အစဉ်အလာများကလူတို့ကို မျက်စိကွယ်စေပါသည်။ တစ်ဖန် ဤ ကြီးမြတ်သော အရာများကိုပရောဖက်ပြုထားပါသည်။

46 ၄၆။ မောရှေသည်တောင်ပေါ်မှာ သူထွက်လာသောအခါ မီးတောက်ကို တွေ့ရပါသည်။ အလွန် လုပသောသရုပ်ဖော်ပုံပင် ဖြစ်ပါသည်။

မောရှေသည် အီဂျစ်ပြည်သို့ ဆင်းသွားပြီးအသင်းတော် ဖခင်ကြီးများကို ကိုယ်တော်ရှင်က သူ့ထံ သို့လာပြီး 'ငါပင်ဖြစ်သည်' ဟုဆိုသည်။ ထိုအမည်မှာပစ္စုပ္ပန်ကာလဖြစ်သည်။ 'ငါဖြစ်ခဲ့သည် ငါဖြစ်လိမ့်မည်' မဟုတ်ပါ။သို့သော်လည်း ငါဖြစ်၏ဟူ၍ ဖြစ်ပြီး အမြဲကာလ မနေ့၊ ယနေ့နှင့် ထာဝရကာလအတူတူပင်ဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလပင်ဖြစ်ပါသည်။ ဟေဗြဲ ၁၃း၈နှင့် နှိုင်းယှဉ် ပါ သည်။ 'ယေရှုခရစ်သည် မနေ့၊ ယနေ့ နှင့် ထာဝရကာလအတူတူပင် ဖြစ်ပါသည်။'

47 ၄၇။ ၎င်းသည်ပရောဖက်ပြုထားသော နှုတ်ကပတ်တော်ပဲ ဖြစ်ပါသည်။ ပရိသတ်ကလည်း ထိုနှုတ်ကပတ်တော်နှင့်ကိုက်ညီရပါမည်။ ဤနေ့ရက်ကာလ၏ အတွေ့အကြုံပင်ဖြစ်ပါသည်။ ပြန်လည်ပြင်ဆင်ရေးသမားများမှာ ရှိပါသည်။ သို့သော်လည်း ဤအရာမှာ နောက်တနေ့ပင်ဖြစ်ပါသည်။ မည်သည့်နေ့ရက်ကာလမှာ ကျွန်ုပ်တို့အသက်ရှင်နေကြောင်း ကြည့်ပါ။ သူမလာနိုင်သကဲ့သို့ ဖြစ်ပါသည်။ ကမ္ဘာလောကကြီးပေါ်သို့ကြွရောက်သော နေ့ရက်များကဲ့သို့ဖြစ်၍မောရှေကြွလာ သည့်နည်းအတိုင်း ဖြစ်ပါသည်။ အခြားသော ပရောက်များ ကြွလာစဉ်ကကဲ့သို့ဖြစ်သည်။ ပရော ဖက်ပြုခြင်းမရှိပါ။ ဤနောက်ဆုံးသော ကာလမှာ ဤနည်းအတိုင်း ဖြစ်လာမည်ဟုပရောဖက် ပြုထားခြင်းခံရပါသည်။ မူရင်း သားတော်အလင်း၊ မူရင်းသို့ပြန်လာရမည့်အချိန်ပင် ဖြစ်ပါသည်။

ကျမ်းစာများကို ထိုအပေါ်မှာကျွန်ုပ်တို့ ချထားနိုင်ပါသည်။ သင်တို့တည်းဟူသော သီသြ လော်ဂျီပညာရှင်များသည်မည်သည့် ကမ္ဘာဖက်ခြမ်းမှ ရောက်လာကြပါသလဲ?အမှန်တရားကို သင်တို့ သိပါသည်။ ဂတိတော်ဖြစ်ပါသည်။ ဤသည်မှာ လူတို့ကိုအလွန်ထူးခြားစေခြင်းဖြစ်ပါ သည်။ သူတို့ကို oddballeဟုခေါ်ကြပါသည်။ အကြောင်းမှာ သူတို့.... လိုက်ကာကို ဖွင့်လိုက်ပြီး ဖြစ်ပါသည်။အစဉ်အလာများမှနေ၍ ဖြစ်သည်။ သူတို့လည်း တွေ့မြင်ကြရပါသည်။ သူသည် မနေ့၊ ယနေ့ နှင့်ထာဝရကာလအတူတူပင် ဖြစ်ပါသည်။ သဘောပေါက်ပါသလား?၎င်းမှာ- ဘုရားသခင် ၏ဂတိတော်ပင် ဖြစ်ပါသည်။ ၎င်းကို ကျွန်တော်တို့ ဆန့်ကျင်၍မရပါ။ အကြောင်းမှာ ကျမ်းစာကို ပယ်ဖျက်၍ မရသောကြောင့် ဖြစ်ပါသည်။ ဟုတ်ပါသည်။သူထိုသို့ ဂတိပေးတော်မူကြောင်း ကျွန် တော်တို့ တွေ့ရပါသည်။ သူသည် သူ၏လူများအထဲသို့မိမိကိုယ်မိမိ သုံ့ညဖြစ်စေခြင်း ဖြစ်ပါသည်။ သူသည် မနေ့၊ ယနေ့နှင့် ထာဝရကာလအတူတူပင်ဖြစ်ပါသည်။

48 ၄၈။ မောရှေသည်အီဂျစ်ပြည်သို့ ဆင်းသွားပြီးနောက် ဤအကြောင်းအရာကို ကြေငြာခဲ့ပါ သည်။ ခမည်းတော်ကသူ၏ သတင်းစကားကို ဖော်ပြသည်။ သိနာတောင်ပေါ်သို့လာ၍ အလားတူ မီးတိုင်ပေါ်မှာမီးတောက်ကို ပြသတော်မူပါသည်။ ကျွန်တော်တို့ သတိပြုမိပါသလား? ကိုယ်တော် ရှင် ဂတိပေးတော်မူသောသူဖြစ်ပါသည်။ နှုတ်ကပတ်တော်နှင့်အတူ ယူဆောင်လာပါသည်။ သူ့မှာ ပညတ်တော်များ ရှိပါသည်။ ထိုပညတ်တော်ရှိစေရန်အတွက် သူ့မှာ .... နှုတ်ကပတ်တော်များ ဖြစ်ပါသည်။နှုတ်ကပတ်တော်သည် လူတို့ထံသို့ မလာသေးပါ။ နှုတ်ကပတ်တော်သည် အမြဲတမ်းပရောဖက်ထံသို့လာ၍ ထိုခေတ်ကာလ၏ ပရောဖက်သည် ကိုယ်တော်ပင် ဖြစ်ပါသည်။

ယေရှုသည် နှုတ်ကပတ်တော်ဖြစ်၍ယောဟန်မှာလည်း ပရောဖက်ဖြစ်ပါသည်။ ယေရှု သည် ရေထဲမှနေ၍ သူ့ထံသို့ လာပါသည်။ အကြောင်းမှာ နှုတ်ကပတ်တော်သည် အမြဲတမ်း ပရော ဖက်ထံသို့ မပျက်မကွက်လာသောကြောင့်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ရောက်လာပါသည်။

49 ၄၉။ မောရှေထံသို့နှုတ်ကပတ်တော် ရောက်လာပါသည်။ ပညတ်တော်များဖြစ်ပါသည်။ သူတို့ ကို သူကလက်ခံရရှိပါသည်။ ဘာကြောင့်လဲ? နှုတ်ကပတ်တော်ကို ပေးမထုတ်လိုက်မီ ဖော်ပြခြင်း ခံရပါသည်။ မောရှေက သူ၏မျက်နှာကို ဖုံးကွယ်ထားရပါသည်။ အကြောင်းမှာ နှုတ်ကပတ်တော် သည်လုံးဝဖော်ပြခြင်းခံရသောကြောင့် ဖြစ်ပါသည်။ တစုံတရာဖြစ်ပျက်ခဲ့ကြောင်း သူတို့ သိပါသည်။ သို့သော်လည်း ဘာဖြစ်သည်ကို သူတို့မသိကြပါ။ ဟိန်းဟောက်ခြင်းနှင့်မိုးချုန်းသံများဖြစ် ကြပါသည်။ 'မောရှေပြောပါစေဘုရားမဟုတ်ပါ' ဟုပြောသည့်အတိုင်းဖြစ်သည်။

ဘုရားသခင် မိန့်တော်မူသည်မှာ 'ငါ ထိုအမှုကို ပြုမည်' ဤအရာမှစတင်၍ ကျွန်ုပ် ဤပုံစံနှင့် ဘယ်တော့မှပေါ်ထွက်လာတော့မည်မဟုတ်ပါ။ သူတို့ထံသို့ ပရောဖက်ကို ငါစေလွှတ် မည်။.... ငါ၏ ပရောဖက်အားဖြင့် ငါစကားပြောမည်။

50 ၅၀။ မောရှေသည်အကယ်၍ သဘာဝပညတ်တော်အရ (ပေါလုကဲ့သို့ ကောရိန္တု ဩဝါဒစာ ဒု တိယစောင်မှာကဲ့သို့ကျွန်ုပ်တို့အား ဖော်ပြခြင်းဖြစ်သည်။ ) သူ၏မျက်နှာကို သဘာဝအားဖြင့် ဖုံးကွယ်ရပါမည်။ ဝိညာဉ်ရေးရာအရ မည်မျှဘုန်းထင်ရှားပြီး ဖုံးကွယ်ရာမှ

မယုံကြည်သူကိုဖေါ်ပြခြင်း ခံရပါမည်။ သူကားဖေါ်မပြမှီ ကျွန်ုပ်ကိုဖေါ်ပြပေမည်။ မောရှေကို သူတို့ .... ငကြောင်ဟု ဘယ် လောက်များ ခေါ်ကြပေမည်နည်း။လိုက်ကာကိုခွဲဖျက်၍ ထွက်သွားသောသူကို မည်မျှပို၍ ခေါ်ကြ ပါမည်နည်း ? သူသည် မီးတိုင်ထဲသို့ ဝင်သွားပါသည်။ ကောင်းချီးဖြင့် ပြန်ထွက်လာပါသည်။ ယခုအ ခါမှာ သင့်ကို ဖုံးအုပ်ထားပါသည်။ လူများကမတွေ့မြင်နိုင်တော့ပါ။ သူတို့ နားမလည်နိုင်ကြပါ။

'သဘာဝသည်ဘုန်းနှင့် ပြည့်စုံပါက သဘာဝထက်လွန်ကဲသော အရာမှာမည်မျှ ပိုမို၍ မည်မျှဘုန်းထင်ရှားပါမည်နည်းသဘာဝတရာမှာ အဆုံးသတ်မှုရှိပါက ဘုန်းထင်ရှားစေပါမည်။' မည်မျှသာ၍ ကောင်းပါမည်နည်း။ အဆုံးမရှိတော့ပါ။ဘုန်းထင်ရှားစေပါမည်။

51 ၅၁။ သို့သော်လည်းဖုံးအုပ်ထားခြင်း ခံရဆဲပင် ဖြစ်ပါသည်။ ယုံကြည်သူအတွက် ဖြစ်ပါသည်။ ဖုံးအုပ်ထားခြင်းခံရသည် မဟုတ်ပါ။ မယုံကြည်သူတွေအတွက် ဖြစ်ပါသည်။ သူမတွေ့ရပါ။ မယုံ ကြည်သူထံမှဘုရားသခင်သည် အမြဲပင် မိမိကိုယ်ကိုယ်မိမိ ဖုံးအုပ်ထားပါသည်။ အစဉ်အလာများ ကဖုံးကွယ်ထားပါသည်။ ထိုစဉ်ကကဲ့သို့ယနေ့လည်း သူတို့ ပြုလုပ်နေကြပါသည်။

ယခုရှိသည့်လိုက်ကာမှာဝိညာဉ်လိုက်ကာဖြစ်ပါသည်။ သဘာဝလိုက်ကာ ရှိခဲ့သည့်နေရာ မှုဖြစ်သည်။ ရေးသားထားသောနှုတ်ကပတ်တော်အားဖြင့် ပရောဖက်မှတဆင့် သူတို့ကို ဖေါ်ပြ ထားခြင်းဖြစ်ပါသည်။ပရောဖက်ပြုသော သူဖြစ်ပြီး ရေးသားထားသော နှုတ်ကပတ်တော်အားဖြင့် ကြွလာတော်မူပြီးရှင်းလင်းစွာဖေါ်ပြရန်ပင် ဖြစ်ပါသည်။

နှုတ်ကပတ်တော်ထိုနေရာမှာ ရှိကြောင်း သူတို့သိပါသည်။သို့သော်လည်း ဘာအဓိပ္ပာယ် ဖြစ် ကြောင်း သူတို့မသိပါ။ မောရှေက ရှင်းလင်းအောင်ပြုလုပ်ပေးပါသည်။ သူက 'ပညက်တော် ကဤအရာကိုပြောသည် ဤအရာသည် ထို့ကြောင့်ဖြစ်ပါသည်။' ဟုဆိုသည်။ သူက ရှင်းရှင်းလင်း လင်းဖြစ်အောင် ပြုလုပ်ပါသည်။ရှင်းရှင်းလင်းလင်း မဖြစ်မှီ ဖုံးကွယ်ထားခြင်းခံရပါသည်။

52 ၅၂။ ယနေ့လည်းထိုသို့ပင် ဖြစ်ပါသည်။ လူအများအတွက် ဖုံးကွယ်ထားခြင်းခံရပါသည်။ ဖွင့်ပြသည့်အချိန်တိုင်အောင်ပင်ဖြစ်၍ လူအများကို တွေ့မြင်စေပါသည်။ ကြီးမြတ်တော်မူသောဘုရား သခင်ဖြစ်၍ လူသားဇာတိဖြင့် ဖုံးအုပ်ထားပါသည်။ နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ သတိပြုရမည့်အချက်မှာ မယုံကြည်သူအတွက် ဖုံးကွယ်ထားခြင်းခံရကြောင်း ကျွန်ုပ်တို့တွေ့ရပါသည်။ သို့ သော်လည်း ယုံကြည်သူတွေအတွက် ဖွင့်ပြထားပါသည်။

မောရှေသည် ဤမီးတိုင်ကိုဝင်ရောက်ခဲ့ရပါသည်။ မည်သူမှ သူနှင့်အတူ ဝင်သွားခွင့်မရကြ ပါ။ ..... ကျွန်ုပ်တို့အား ဘာအကြောင်းကို ပြောပါသနည်း ? ပင်တေကုတ္တေအုပ်စုကိုပူးပေါင်းခြင်းဖြင့် သင်သည် ဤအရာထဲသို့ ဝင်ရောက်လာခြင်းမဟုတ်ပါ။ သူသည်အုပ်စုတစ်ခုကို ဘယ်တော့မှ ဖေါ်ပြခြင်းမဟုတ်ပါ။ လူတစ်ဦးစီကို သူကဖေါ်ပြခြင်းဖြစ်ပါသည်။ ယနေ့လည်း ထိုနည်းငှင်းပင် ဖြစ်ပါသည်။ သင်ပြောသည်မှာ 'ကျွန်ုပ်သည် အသင်းတော်နှင့်သက်ဆိုင်ပါသည်။ ကျွန်ုပ်က ဤနေရာနှင့် ဆိုင်သည်' သို့သော်လည်း အလုပ်မဖြစ်ပါ။

မောရှေနောက်သို့လိုက်ရန် မည်သူမဆိုကြိုးစားကြပါသည်။ မောရှေကို တုပါက သေခြင်း တရား နှင့် ရင်ဆိုင်ရပါမည်။ ယနေ့လည်းဝိညာဉ်ရေးရာအရ အသေဖြစ်ရပါသည်။ လိုက်တုခြင်း ကြောင့်ဖြစ်ပါသည်။ ထိုအရာမှာ...

53 ၅၃။ ယနေ့ညကျွန်တော်တို့အုပ်စုများအကြားမှာ ဇာတိအားဖြင့် နှိုင်းယှဉ်နိုင်သော အနေအထားများရှိပါသည်။ တစုံတယောက်သောသူက ထိုသို့လုပ်ရှားလိုပါသည်။ ထူးခြားစွာအသက်ရှင်လိုပါသည်။ အရက်သောက်နိုင်သော ဆေးလိပ်သောက်နိုင်သည်။ အမျိုးသမီးများ သူတို့ဘယ်လိုပုံစံနှင် ပင် ဖြစ်ပါစေ အသက်ရှင်နေထိုင်နိုင်ပါသည်။ ကမ္ဘာလောကကြီးကဲ့သို့ပင်ဖြစ်သည်။ အိမ်မှာနေ၍ တယ်လီဗီးရှင်းကြည့်ပြီး လောကအရာများနှင့် နှစ်မျောနေပြီးမိမိတို့ကိုယ်ကို မိမိတို့ ပင်တေ ကုတ္တေများဟု ခေါ်ကြပါသည်။ သူတို့က အစစ်အမှန်ကိုတုရန် ကြိုးစားပါသည်။ သူတို့အား ဘယ် တော့မှ ဖေါ်ပြခြင်း မပြုခဲ့ပါ။ဖေါ်ပြခြင်းခံရသောအခါ ဘုန်းထင်ရှားစေပါသည်။ သင်တို့အထဲသို့ ဝင် သွားသောအခါသင့်အထဲမှ ထုတ်လိုက်သလို ဖြစ်သွားပါသည်။ ၎င်းသည်....အလုပ်မဖြစ်ပါ။ ၎င်းကို လိုက်တုသောအခါ သေခြင်းတရားနှင့် ရင်ဆိုင်ရပါမည်။

54 ၅၄။ မောရှေ၏လိုက်ကာမှာ လူတို့အတွက် အသက်ရှင်သော နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ယနေ့လူများမှာဖုံးကွယ်ခြင်းခံရ၍ အလားတူအရာပင် ဖြစ်ပါသည်။ 'သူတို့မှာရေးသားထားသော ဩဝါဒမဟုတ်ဘဲ ရေးသားထားသော ဩဝါဒဖြစ်ပြီး ဖေါ်ပြခြင်းခံရပါသည်။ နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းဖြစ်၍ ဤနေ့ရက်ကာလ၏ ဂတိပင်ဖြစ်ပါသည်။ ဘုရားသခင်သည်သူ၏ဝိညာဉ် တော်ကိုသွန်းလောင်း၍ လူသားများအားလုံးအပေါ်သို့ သက်ရောက်သောရေးသားထားသည့် ဩဝါဒစာပင်ဖြစ်ပါသည်။' ဇာတိဆန်စွာဖြင့်လူတစ်ဦးသည် လိုက်တုခြင်းမှာ နောက်ကွယ်မှာ လိုက် လုပ်ခြင်းဖြစ်သည်။သင်ဘာဖြစ်ကြောင်း သင်၏ သဘာဝက ဖေါ်ပြပါသည်။

55 ၅၅။ တခါကလူကလေးတစ်ဦးရှိပါသည်။ သူသည် အခက်အခဲတွေ့ကြုံရပါသည်။ သူသည် လူကောင်းကလေးတစ်ဦးဖြစ်သော်လည်း တရားရုံးသို့ ရောက်သွားပါသည်။ တရားသူကြီးက 'မင်းမှာ အပြစ်ရှိတယ် မင်းကိုထောင်တသက်တကျွန်းချပြီး အပြစ်ပေးရမယ်။'

သူက 'ကျွန်တော်၏အမှုကို ကျွန်တော်ဖါသာ ကြိုးစားကြည့်လိုက်ပါသည်။' ဟုဆိုသည်။ ကျွန်ုပ်၏ မှတ်တမ်းများအတိုင်းသွားလိုပါသည်ဟု ဆိုသည်။

သူက 'သင့်မှာ မှတ်တမ်းမရှိပါ။ သင်၏မှတ်တမ်းကသင့်ကိုတရားစီရင်ခြင်းဖြစ်သည်။'

ယနေ့လည်း ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။အကြောင်းမှာ အသင်းတော်သည် တိုးတက် သင့်သလောက် မတိုးတက်သင့်သောကြောင့်ဖြစ်ပါသည်။၎င်းသည် မှတ်တမ်းဖြစ်ပါသည်။ လှည့် ဖျားခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ပို၍ဆက်ကပ်မှုရှိရပါမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် တိုင်းကို ကျွန်ုပ်တို့ယုံကြည်ရပါမည်။ ထိုနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အတွက်

ကျွန်ုပ်တို့ကိုတားဆီးခြင်းဖြစ်ပါသည်။

56 ၅၆။ သို့သော်လည်းတချိန်က (သင့်ကို ဤကြိုးကွင်းထဲမှ လွတ်မြောက်စေရန်) ဤရုံးတော်ထဲ မှာပင် လူကလေးမှာငွေလိုနေပါသည်။ သူငွေမပေးနိုင်ပါ။ ဒဏ်ငွေမှာလည်း ဒေါ်လာထောင်ပေါင်း များစွာကျပါသည်။ သို့သော်လည်း သူ့မှာ အစ်ကိုကြီးရှိ၍ သူကလာပြီး လွတ်သွားစေရန် ငွေပေးပါသည်။

ယခု ကျွန်တော်တို့မှာ အကိုကြီးရှိပါသည်။သခင်ယေရှုဖြစ်၍ ဘုရားသားတော်ပင်ဖြစ်ပါ သည်။ သူလာ၍ ကျွန်ုပ်တို့အတွက် ဆက်သည်။ ကျွန်ုပ်တို့ ယုံကြည်ရပါမည်။ ကိုယ်တော်ရှင်နှင့် အတူ လိုက်ကာအတွင်းသို့ဝင်ရောက်နိုင်ရပါမည်။ သူသည် ကျွန်ုပ်တို့အတွက် မောရှေကဲ့သို့ ဖြစ်ပါသည်။ ယေရှုသည်ယနေ့ ကျွန်ုပ်တို့အတွက် မောရှေဖြစ်ပါသည်။ မောရှေမှာ လိုက်ကာဖြစ်၍ လူအများအတွက်အသက်ရှင်သော နှုတ်ကပတ်တော်ဖြစ်ပါသည်။ယနေ့ ယေရှုမှာ ဖုံးကွယ်ခြင်းခံ ရသောအသက်ရှင်သော နှုတ်ကပတ်တော်ဖြစ်၍ လူတို့အတွက်ဖြစ်ပြီး အသင်းတော်ထဲမှာ ရှိပြီးအသင်းတော်ထဲမှာရှိသည်။ သန့်ရှင်းသော ဝိညာဉ်တော်၊ ဘုရားသားတော်သည် လူသားများအကြားတွင် ရှိပြီး နှုတ်ကပတ်တော်ကို ဖော်ပြ၍ ဤနေ့ရက်၏ ဂတိတော်အတိုင်း ဖြစ်နေပါသည်။အတိအကျပင် ဖြစ်ပါသည်။ ယခုကာလနှင့် အတူတူပင်ဖြစ်ပါသည်။

မောရှေက ဤသို့ပြုလုပ်ပြီး ဖော်ပြပါသည်။တလောကလုံးကို ဖော်ပြခြင်းမဟုတ်ဘဲ လွတ် မြောက် သူများအတွက်သာ ဖြစ်သည်။ လူတန်းစားတစ်မျိုးတည်း အတွက် သာဖြစ်သည်။ ထိုသူ များမှာ လွတ်မြောက်သော သူများပင် ဖြစ်ပါသည်။

ယနေ့ သန့်ရှင်းသော ဝိညာဉ်တော်မှာ ‘အနာရောဂါငြိမ်းစေခြင်းမှာ မမှန်ကန်ပါ’ ဟုဆိုသော သူများ မျက်မှောက်တွင်ကျွန်တော်က ဆွေးနွေးတိုင်ပင်သောအခါ...

57 ၅၇။ ဆရာဝန်ကကျွန်တော်ကို အမျိုးသမီးငယ်မလေးဟု ခေါ်ပါသည်။ အမူလေးငါးမူရှိပါသည်။ သေလုမျောပါးလဲလျှောင်းနေရပါသည်။ အချိန်နာရီပေါင်းများစွာကြာသည်။ သန့်ရှင်းသော ဝိညာဉ် တော်ကအနာရောဂါ ပျောက်ကင်းစေပါသည်။ ဆရာဝန်ကမေးပါသည်။ သူက ‘ဘယ်လိုဖြစ် နိုင်တာလဲ?ဘာကြောင့်လဲ’ ဟုဆိုသည်။ ‘သူတို့မှာ ကျွန်ုပ်၏ လူများဖြစ်သည်။’

ကျွန်တော်က ‘၎င်းအရာသည် ဘုရားဖြစ်ပါသည်။ ၎င်းသည်သူ၏ဘာသာရပ်ပင်ဖြစ်သည်။’

သင်သည် ထိုအရာကို တွေ့မြင်ရပါမည်။ဘုရားသခင်သည် ထွက်မြောက်ရာကို ခေါ်ဆို နေပါ သည်။ ဇာတိဆိုင်ရာလိုက်ကာနောက်မှထွက်လာ၍ အတူယူရန်ပင်ဖြစ်သည်။ ၎င်းနောက် အသင်း တော်ထဲတွင် ပါဝင်ခြင်းဖြစ်ပါသည်။မက်သဒစ်၊ နှစ်ခြင်း၊ ပရက်စ်ဘီတေးရန်းတို့ လုံးဝ မဟုတ်ဘဲပင်တေကုတ္တေအသင်းတော်များဖြစ်ပါသည်။ ၎င်းသည် တစ်ဦးချင်းစီနှင့် ဆိုင်သော အရာဖြစ်ပါသည်။ သင်နှင့်ဘုရားဖြစ်ပါသည်။ သင်ကဝင်သွားရပါမည်။ သင်၏အုပ်စု၊ သင်၏ ဘုရားကျောင်း၊သင်၏ သင်းအုပ်ဆရာ မဟုတ်ပါ။ သို့သော်လည်း သင်ကိုယ်တိုင်ပင် ဝင်သွားရပါမည်။

58 ၅၈။ သူထွက်လာသောအခါမောရှေ၏ လက္ခဏာ တစ်ခုကို သင့်အား ကျွန်တော်သတိပြုစေလို ပါသည်။ ပရောဖက်ဖြစ်သဖြင့်သူသည် ကြီးမြတ်သော သူဖြစ်ပါသည်။ နှုတ်ကပတ်တော်နှင့် သူက ထွက်လာသောအခါသူပြောင်းလဲကြောင်း လူအများက တွေ့ရပါသည်။ တစုံတရာ ဖြစ်ပျက်ခဲ့ပါ သည်။ထိုအချိန်ကာလက ဖော်ပြခဲ့သော နှုတ်ကပတ်တော်ဖြင့် သူထွက်လာသောအခါ ပညတ်တော်များအားဖြင့် သူသည်ပြောင်းလဲသော သူတဉ္စီးဖြစ်လာပါသည်။

သင်လည်း ထိုကဲ့သို့ပင်လူသားဖုံးအုပ်သောအရာ နောက်ကွယ်မှ ထွက်လာသောအခါ ဤ ကဲ့သို့သော ဝတ်ပြုစည်းဝေးမျိုးကိုပြက်ရယ်ပြုမိမည်ဖြစ်ပါသည်။ အနာရောဂါငြိမ်းခြင်းကို ထိခိုက် စေပါမည်။အံ့ဘွယ်နိမိတ်လက္ခဏာ နေ့ရက်များ ကုန်ဆုံးသွားပြီဖြစ်သည်။ သင်သည် ထိုအစဉ်အလာလိုက်ကာ နောက်ကွယ်မှ ထွက်လာရပါသည်။ သင်တစ်စုံတစ်ခုဖြစ်သွားကြောင်း လူတိုင်းသိကြပါသည်။

သင်လည်းထိုကဲ့သို့ပင်လူသားဖုံးအုပ်သောအရာ နောက်ကွယ်မှ ထွက်လာသောအခါ ဤကဲ့သို့ သော ဝတ်ပြုစည်းဝေးမျိုးကိုပြက်ရယ်ပြုမိမည်ဖြစ်ပါသည်။ အနာရောဂါငြိမ်းခြင်းကို ထိ ခိုက်စေပါ မည်။အံ့ဘွယ်နိမိတ်လက္ခဏာနေ့ရက်များ ကုန်ဆုံးသွားပြီဖြစ်သည်။ သင်သည် ထိုအစဉ် အလာလိုက်ကာနောက်ကွယ်မှ ထွက်လာရပါသည်။ သင်တစ်စုံတစ်ခု ဖြစ်သွားကြောင်း လူတိုင်းသိကြပါသည်။

59 ၅၉။ ဂျင်းမ်ဘရောင်းကဲ့သို့လေးစားအပ်သော အစ်ကိုကြီးဖြစ်သည်။ သူတစ်ခုခုဖြစ်သွားကြောင်းပရက်စ်ဘီတေးရီယန်းအများစုက သိကြောင်း ကျွန်တော်စဉ်းစားမိပါသည်။ အကြောင်းမှာ သူသည်အစဉ်အလာနောက်ကွယ်မှ ပေါ်ထွက်လာသောကြောင့် ဖြစ်ပါသည်။ လူတို့အထဲမှ တစုံတရာကိုကိုယ်တော်ရှင် တွေ့မြင်တော်မူပါသည်။ သူ့အား ဆွဲဆောင်၍ သူသည် ကန့်လန့်ကာနောက်ကွယ်မှထွက်လာရပါသည်။

သင်သည် ကန့်လန့်ကာနောက်ကွယ်မှထွက်လာသောအခါ လူအများ၏ မြင်ကွင်းမှာ အပြည့်အဝ ပေါ်လွင်လာပေမည်။ တစုံတရာ သင့်အပေါ်ဖြစ်ပျက်ခဲ့ကြောင်း သင်မြင်တွေ့ရပေ မည်။ မယုံကြည်သူအတွက် ဖုံးအုပ်ထားခြင်း ခံရသောနှုတ်ကပတ်တော်ဖြစ်၍ ယုံကြည်သူအတွက် မြင်ကွင်းအပြည့်အဝဖြစ်ပါသည်။ ‘ယေရှုခရစ်သည် မနေ့၊ ယနေ့၊ထာဝရကာလအတူတူပင် ဖြစ်ပါ သည်။’

60 ၆၀။ ဘုရားသခင်ပင်ဖြစ်ပါသည်။ ထိုနေ့ရက်ကာလများက ဘုရားသခင်သည် သူ၏သားတော် လူသားယေရှုခရစ်တော်ထဲမှာကျိန်းဝပ်ပါသည်။ ထိုအရာကို ကျွန်ုပ်တို့ယုံကြည်ပါသည်။ ပရောဖက် သာမကပါ။ သာမာန်လူမဟုတ်ပါ။ သာမာန်လူသားမဟုတ်ပါ ခရစ်တော်၌ ဘုရားဖြစ်ပါသည်။ လူ သားထဲမှ ခန္ဓာကိုယ်အားဖြင့်ဖြစ်သည်။ လူသားထဲမှ ဘုရားဖြစ်သည်။

ဘုရားသခင် လူထဲမှာ ကျိန်းဝပ်ပါသည်။ဘုရားသခင် အပြည့်အဝ ဖြစ်ခြင်းဖြစ်သည်။ သူ၏ အသင်းတော်တစ်ခုလုံးမှာ ရှိသည်။ မိမိကိုယ်ကို ဖော်ပြခြင်းဖြစ်သည်။ သူ၏ နှုတ်ကပတ်တော်ကို ပြည့်စုံစေခြင်းဖြစ်သည်။

61 ၆၁။ ခေတ်ကာလတိုင်းမှာဘုရားကိုတွေ့ရပါသည်။ သူ့အပေါ်မှာ သားရေရှိပါသည်။ ဘုရားသခင် သည် ကန့်လန့်ကာနောက်ကွယ်မှာရှိသည်။

တောင်ပိုင်းမှာ ဖြစ်ပျက်ခဲ့သောဇာတ်လမ်းလေးတစ်ပုဒ်အကြောင်း ကျွန်တော် သတိရမိပါ သည်။ ခရစ်ယာန်အိမ်ကလေးတစ်အိမ်ရှိပါသည်။ ထိုအိမ်ကလေးမှာ အားလုံးခရစ်တော်ကို ယုံကြည်ကြပါ သည်။ သူ၏အမှုပြုခြင်းပင် ဖြစ်သည်။ သူတို့မှာ ခုနစ်နှစ် သို့ ရှစ်နှစ်သားအရွယ် ကလေးငယ်ရှိပါသည်။ တနင်္ဂနွေနေ့တိုင်း ဥပုဒ်စာဖြေကျောင်းတက်၍ လူငယ်ကောင်းကလေးတစ်ယောက်ဖြစ်သည်။ သူသည် လေမုန်တိုင်းထဲမှ ကြောက်တက်သည်။ အထူးသဖြင့် လျှပ်စီးလက်ခြင်း ဖြစ် သည်။

62 ၆၂။ တနေ့ကကျွန်တော် ဤအကြောင်းကို လူတစ်ဦးအား ပြောပြပါသည်။ ဤအစထွက်လာ သောအခါ ထိုသူမှာအနာရောဂါငြိမ်းသွားပါသည်။ အလားတူတရားဟောဆရာက ပြောသည် မှာ ‘ဘရာသာဘရမ်ဟမ် သူတို့က ခင်ဗျားထဲမှဘုရားဖြစ်လာအောင်လုပ်တာဘဲ’ ဟုဆိုကြသည်။

သူသည် ဝေဖန်သူတစ်ဦးဖြစ်သည်။ အနည်းငယ်ချိုးဖဲ့ပစ်ရန် ကျွန်တော်စဉ်းစားမိပါသည်။ နာကျဉ်စေရန် မဟုတ်ပါ။ သို့သော်လည်းထိုသို့အစားမျိုးဖြစ်သည်။ ကျွန်တော်က ‘ကျမ်းစာနှင့်အလွန်ဝေးကွာပြီး ထိုသို့ဖြစ်ရန်ပင်ဖြစ်သည်။’ ကျွန်တော်က ‘မဟုတ်ပါ ယေရှုက ပရောဖက်များ ကို ’ဘုရား များ ‘ဟုခေါ်ဆိုသောကြောင့် မှန်ပါသည်။’ ‘ဘုရား’ ဖြစ်ပါသည်။

သူတို့က ‘သင်တို့သည် ဘုရား၏ နေရာကို ယူရန် ကြိုးစားနေကြသည်။’ အလွန်ဝေးကွာ လှခြင်း မဟုတ်ပါ။ဘာအတိအကျပင် ဖြစ်ပါသည်။ အတိအကျ ဖြစ်သည်။ ဘုရားသခင်က ဇာတိ အားဖြင့် ဖော်ပြပါသည်။သူဂတိပေးခဲ့သည်အတိုင်းပင် ဖြစ်သည်။

63 ၆၃။ ဤမိသားစုကလေးကိုကျွန်တော်တို့ တွေ့ရပါသည်။ ကျွန်တော်က ဤပုံပြင်ကလေးကို သူ့ အား ပြောပြပါသည်။ယခုချက်ချင်းပင် ကျွန်တော့်စိတ်ထဲ ပေါ်လာသည့် အကြောင်းပင် ဖြစ်သည်။ တစ်ညသောအခါမှာလေပြင်းမုန်တိုင်း တိုက်ခက်လာသည်။ မိခင်ဖြစ်သူက ဂျူနီယာကို ပြော သည်။ ‘ယခု သင်အပေါ်ထပ် တက်သွားပါလား။ပြီးလျှင် အိပ်ယာဝင်ပါ’ ဟုဆိုသည်။ ‘ဘာမှ သင့်ကို ထိခိုက်မည် မဟုတ်ပါ။ အပေါ်ထပ်တက်ပြီး အိပ်ယာဝင်ပါ။’ ဟုဆိုသည်။

ဂျူနီယာလေးမှာ ထိုနေရာမှာလဲလျောင်းနေပါသည်။ ပြတင်းပေါက်နားတဝိုက်မှာ လျှပ်စီး လက်နေပါသည်။ ကလေးငယ်မှာအလွန်စိတ်လှုပ်ရှားသွားပြီး ဦးခေါင်းကိုစောင်နှင့် ခြုံထားလိုက် သည်။လျှပ်စီးလက်သံကို ကြားနေရဆဲဖြစ်ပါသည်။ ပြတင်းပေါက်မှ လျှပ်စီးလက်သံများကိုလည်းကြားနေ မြင်နေရဆဲ ဖြစ်သည်။ မိုးချုန်းသံကိုလည်း ကြားနေရဆဲဖြစ်သည်။ သူက ‘မေမေ’ ဟု ခေါ်လိုက်သည်။

‘အပေါ်တက်လာပြီးကျွန်တော်နှင့်အိပ်ပါ’ ဟုခေါ်လိုက်သည်။

သူမသည် လှေခါးမှ တဆင့်ပြီးတဆင့်တက်လာပါသည်။ သစ္စာရှိသော မိခင်ကောင်း တစ်ဦး ကဲ့သို့ပင် ဖြစ်ပါသည်။ သူမတက်လာသည်။ သူမလက်ထဲမှာ ကလေးငယ်ကို ပွေ့ပိုက် လိုက်သည်။ သူမက ‘ဂျူနီယာ မေမေခဏလေး စကားပြောချင်တယ်’ ဟု ဆိုလိုက်သည်။ ‘ကောင်းပါပြီ မေမေ’ ဟု သူကဖြေသည်။

‘ယခု ဒါကိုစိတ်ထဲမှာ ထားရမယ်။ ငါတို့ ဘုရားကျောင်းသွားကြတယ်။ အမြဲတမ်းသွား တယ်။သမ္မာကျမ်းစာဖက်ကြတယ်။ ဆုတောင်းကြတယ်။ ငါတို့ဟာ ခရစ်ယာန်မိသားစုတစ်ခု ဖြစ် တယ်။ငါတို့ ဘုရားကို ယုံကြည်တယ်။’ ‘မုန်တိုင်းထဲမှာ ဘာဘဲ ဖြစ်ဖြစ် ဘုရားသခင်က ငါတို့ကို ကွယ်ကာစောင့်ရှောက်မှာဖြစ်ပါတယ်’ ဟုပြောဆိုသည်။

‘မေမေကျွန်တော် အဲဒါတွေအားလုံးကို ယုံကြည်တယ်။ ဒါပေမဲ့ အဲဒီလျှပ်စီးက သိပ်နီးကပ်နေတဲ့အခါမှာ ကျွန်တော် အရေခွံနှင့် ဘုရားကို လိုချင်တယ်’ ဟုဆိုသည်။

64 ၆၄။ ကျွန်တော်စဉ်းစားမိသည်မှာ ကလေးငယ်လေးသာမကပါ။ ကျွန်တော်တို့အားလုံး ထိုနည်း တူစွာခံစားရပါသည်။ ကျွန်တော်တို့အားလုံး စုဝေးပြီး တစ်ဦးအတွက် တစ်ဦးက ဆုတောင်းပေးသောအခါမှာ ဘုရားသခင်မှာ အရေခွံဖြင့် ဖုံးအုပ်ထားပါသည်။

ကျွန်တော်တို့ တွေ့ရသည့်အရာမှာဘုရားသခင်သည် အမြဲတမ်း ကိုယ်တော်အပေါ်မှာ အရေခွံ ဖုံးအုပ်လျှက်ရှိပါသည်။ မောရှေကသူ့ကိုတွေ့သောအခါ သူ့အပေါ်မှာ အရေဖြင့် ဖုံးအုပ် လျှက်ရှိပါ သည်။ လူသားကဲ့သို့ပင်ဖြစ်ပါသည်။ ဘုရားသခင်သည် လိုက်ကာများနောက်ကွယ်မှာ ရှိသော အခါ သူ့အပေါ်မှာအရေခြုံထားလျှက်ရှိပါသည်။ ယနေ့ည ဘုရားသခင်သည် သူ၏ အသင်း တော်ထဲတွင် သားရေဖြင့်ခြုံထားခြင်းကို ခံရလျှက် ရှိပါသည်။ ယနေ့ညလည်း ထိုဘုရားပင် ဖြစ်နေ ဆဲဖြစ်ပါသည်။ကျွန်တော်တို့ တွေ့ရပါသည်။

သို့သော်လည်း အရေခွံအဖုံးမှာအစဉ်အလာအတိုင်း ပြုလုပ်ခြင်း ဖြစ်ပါသည်။ ဘုရားသခင် သူတို့ကို ထိုသို့ ပြုလုပ်ရန်အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း သူတို့ မယုံနိုင်လောက်အောင် ဖြစ်ပါ သည်။အကြောင်းမှာ ဘုရားသခင်သည် အသင်းတော်မှာ ဖုံးကွယ်လျှက်ရှိသည်။ အရေခွံဖြင့် ဖုံးအုပ်နေသည်။ အပေါ်ယံအရေခွံရှိနေသည်။ မှန်သည်။ မယုံကြည်သူထံမှ သူတို့ ဖုံးကွယ်ထားပါသည်။ ယုံကြည်သူကို ဖော်ပြလျှက်ရှိပါသည်။ မှန်ပါသည်။

65 ၆၅။ သူတို့၏အစဉ်အလာ ကုလားကာမှာ အကြီးအကဲများ၏ အစဉ်အလာဖြစ်၍ နှုတ်ကပတ် တော်ဖြစ်ပါသည်။ကျိုးပဲ့သွားပြီး

ဝင်ရောက်နိုင်ပါသည်။ ယနေ့ရှင်းလင်းစွာမြင်ရသောအခါမှာ ကိုယ်တော်ကို တွေ့ရပါသည်။ ဘုရားသခင်မှာ လူသားဇာတိထဲတွင် ဖုံးကွယ်လျှက်ရှိပါသည်။ (ဟေဗြဲ၁) မှာ ဆိုထားပါသည်။

(ကမ္ဘာဦးကျမ်း၁၈)မှာ ဘုရားသခင်သည် ထိုနေရာမှာ ရပ်နေပါသည်။ အာဗြဟံနှင့်စား သောက်၍စကားပြောဆိုလျှက်ရှိသည်။ တဲထဲမှာ စာရာဘာလုပ်နေကြောင်းကို ပြောပါသည်။

သခင်ယေရှု မိန့်တော်မူသည်မှာ ‘လူသားကြွလာတော်မူသောအခါသောဒုံမြို့မှာကဲ့သို့ ဖြစ်မည်ဟူ ၍ ဖြစ်ပါသည်။’ လူသားဇာတိဖြင့် ဘုရားကို ဖုံးကွယ်ထားပါသည်။ ယေရှုက ‘ဘုရား သားတော်ကို ဖော်ပြခြင်းခံရသောအခါ’ ဟု သခင်ယေရှုက မပြောပါ။ (လုကာ ၁၇း၂၀-၂၁)တွင် သူက ‘လူသားကိုဖော်ပြသောအခါ’ ဟုဆိုထားပါသည်။လူသားသည် အသင်းတော်ထဲမှာ တစ် ဖန်ပြန်၍ တွေ့ရပါသည်။ လူသားများထဲမှာ တွေ့ရသည်။ဘုရားသား မဟုတ်ပါ။ လူသားတစ်ဖန် ပြန်၍ ဖြစ်လာရပါသည်။ သူ့အသင်းတော်ထဲမှာ တစ်ဖန်နောက်ဆုံးသော နေ့ရက်များမှာ ရှိရပါသည်။ ဘုရားသခင်၏ ဂတိတော်များထဲမှာသူဂတိပေးတော်မူသည်ဟု ကျွန်ုပ်တို့ တွေ့ရပါသည်။

66 ၆၆။ ဓမ္မဟောင်းကျမ်းတွင်အခြားအရာတစ်ခုကိုကျွန်တော်တို့ သတိပြုမိပါသည်။ ထွက်မြောက် ရာကျမ်းတွင် ဖော်ပြထားသည်။ သားရေလိုက်ကာကဘာလုပ်ပါသနည်း? လူတို့ထံမှဘုရား ဘုန်း တော်ကို ကွယ်ဝှက်ထားပါသည်။ သားရေလိုက်ကာများဖြစ်သည်။ သူတို့ မတွေ့မမြင်နိုင်ကြပါ။ အကြောင်းမှာ သားရေကဖုံးကွယ်ထားခြင်းကြောင့် ဖြစ်ပါသည်။ သားရေမှာ ....သားရေ နောက် ကွယ်မှာ ဘုရားရှင်၏ ဘုန်းတော် ကွယ်ဝှက်လျှက်ရှိပါသည်။

ယခုအခါမှာ ဘုရားသခင်၏ ဘုန်းတော်သည်သင်၏သားရေနောက်ကွယ်မှာရှိပါသည်။ မှန် ပါသည်။ အစဉ်အလာများက ထိုအရာကို မမြင်ရပါ။လိုက်ကာအထဲမှာ ရှိပါသည်။ သူ၏နှုတ်က ပတ်တော်ရှိသည့်နေရာမှာ ဖြစ်သည်။

67 ၆၇။ ‘ကျွန်တော်တို့ ဆန္ဒရှိသင့်သလောက်အလှအပဟူ၍ မရှိပါ။ လူဇာတိကို ခံယူပြီး ကျွန်ုပ်တို့ အတွင်း၌ ကျိန်းဝပ်တော်မူပါကကျွန်တော်တို့ ကြိုက်နှစ်သက်လှသော အလှဟူ၍ မရှိဘဲ ဖြစ်နေ ဆဲပါ။’

ယနေ့လည်း အလားတူ အကြောင်းအရာ ဖြစ်ပါသည်။နှစ်သက်ဖွယ်ရာ ဘာမှမရှိပါ။ နောက်ကွယ် မှာရှိသည့်အရာသည် ထိုအရာပင် ဖြစ်ပါသည်။ ဘာဖြစ်သလဲဆိုတာပင် ဖြစ်ပါသည်။ သင်က ပြောပေမည် ‘ကောင်းပြီ အဲဒီလူက အလုပ်သမားပင်ဖြစ်ပါတယ်။ သူအဲဒါလုပ်ဖို့ဘဲ ဖြစ် တယ်ဟု ဆိုသည်။ သူဘာလုပ်သလဲဆိုတာကျွန်တော်ဂရုမစိုက်ပါ။ အဲဒီ သားရေနောက်ကွယ်မှာ ဘာဖုံး ကွယ်နေပါသလဲ? အဲဒီနောက်ကွယ်မှာ ရှိတဲ့အရာကအရေးကြီးပါတယ်’ လူများမျက်စီဖုံးကွယ် ခြင်းခံရသည် အကြောင်းပင် ဖြစ်ပါသည်။ သားရေက လူအများကိုမျက်စီကွယ်စေပါသည်။ သူတို့အဆိုမှာ ‘ထိုအမျိုးသမီးမည်သည့်အချိန်တွင် ဖြစ်လေ့ဖြစ်ထ ရှိကြောင်း ကျွန်တော် သတိရ ပါသည်။’ သူမ ဘာလုပ်လေ့လုပ်ထရှိကြောင်းကျွန်တော်သိပါသည်။ ယခုအခါမှာ မည်သို့ဖြစ်ပါ သနည်း?

ထိုသားရေများမှာ တစ်ချိန်ကသားကောင်ပေါ်၌ ရှိခဲ့သော်လည်း ယခုအခါမှာ ဘုရားရှင်၏ ဘုန်းတော်ကိုကွယ်ဝှက်ထားပါသည်။ နောက်ကွယ်မှာ ဖုံးကွယ်လျှက်ရှိပါသည်။ တိရိစ္ဆာန်အပေါ် မှာသက်ရောက်လျှက်ရှိပါသည်။ နောက်ကွယ်မှာ ဖုံးကွယ်လျှက်ရှိပါသည်။ တိရိစ္ဆာန်အပေါ်မှာသက်ရောက်လျှက်ရှိပါသည်။ သို့သော်လည်း ယခုအခါမှာ ဘုရားဘုန်းတော်ကိုဖုံးကွယ်ထားလျှက် ရှိပါသည်။

သင်၏အရေးပြားကိုလည်းပြောင်းလဲပစ်၍ရပါသည်။ ယနေ့ညပင် ပြောင်းလဲပစ်နိုင်ပါသည်။ သို့မှသာ ဘုရားသခင်နေထိုင်ရာအိမ် ဖြစ်လာပေမည်။ ဘုရားသခင်သည် လူသားထဲမှာ ကျိန်းဝပ် နေထိုင်ခြင်းပင်ဖြစ်ပါသည်။

68 ၆၈။ ကြည့်ပါ၊သားရေဟောင်းများဖြစ်ပြီး နောက်ကွယ်မှာ ကျွန်တော်တို့ ရှာဖွေတွေ့ရှိရပါသည်။ .... အတွင်းမှာ နှုတ်ကပတ်တော်ရှိပါသည်။ နှုတ်ကပတ်တော်မှာလည်းရှေ့တော်မုန့်ပင် ဖြစ်ပါ သည်။ ပဋိညာဉ်သေတ္တာကို ရေနှင့် ဖျန်းထားပါသည်။ ထိုအရာမှာဘာဖြစ်ပါသနည်း? ရှကိနာဘုန်းတော်မှာ ထိုအထဲတွင် ရှိပါသည်။

နှုတ်ကပတ်တော်သည် မျိုးစေ့ဖြစ်ပါသည်။သားတော်က ရိုက်လိုက်ခြင်း မရှိပါက ဘာကိုမှ ထွက်ပေါ်လာစေမှာ မဟုတ်ပါ။ သားတော်သည်မျိုးစေ့ပေါ်မှာ ရှိနေရပါမည်။ အသီးသီးစေရန် ဖြစ် သည်။ နှုတ်ကပတ်တော်ပေါ်ထွက်လာစေရန် ဖြစ်ပါသည်။ ထိုနည်းသည် တစ်ခုတည်းသော နည်း လမ်းဖြစ်ပါသည်။ သင်သည်နှုတ်ကပတ်တော်ကို ဆောင်ယူပါ။ သင့်နှလုံးသားထဲမှာ ဘုရားသခင် ၏နှုတ်ကပတ်တော်ကိုယူဆောင်ပါ။ ရှကီနာဘုန်းတော်ထဲသို့ လျှောက်ပါ။ ထိုသို့ပြုလုပ်ပါက ရှေ့ တော်မုန့်၊မန္နမုန့်တို့ကို ရောက်လာစေပါမည်။ သီးခြားခွဲထားသော လူများကို ပေးအပ်ခြင်း ဖြစ်သည်။ သင်ထိုသို့ ပြုလုပ်ပါက ရှေ့တော်မုန့်၊ မန္နမုန့်ကို ယူဆောင်လာပါမည်။သီးခြားခွဲခြားထား သောသူများအတွက်သာ ဖြစ်ပါသည်။ စားသုံးနိုင်သောတစ်ခုတည်းသောအရာမှာ စားသုံးရန် ခွင့် ပြုခြင်းခံရသူများသာသီ၍ခွင့်ပြုခြင်းခံရပါသည်။ ပေါလုမိန့်တော်မူသည်မှာ ‘ဘုန်းတော်တစ်ခုမှ တစ်ခုသို့ ပြောင်းလဲသွားပါသည်။’ နောက်ဆုံးမှာ ၎င်း၏ မူရင်းဘုန်းတော်သို့ပြန်လည်ရောက်ရှိ သွားပါသည်။

မနက်ခင်းဘုန်းတော်၏ မျိုးစေ့ကဲ့သို့ဖြစ်ပါသည်။

69 ၆၉။ ပန်းပွင့်တစ်ပွင့်၏မျိုးစေ့ပင် ဖြစ်ပါသည်။ မြေကြီးပေါ်သို့ ကျသွားပါသည်။ ပြောင်းဖူးစေ့ သည်မြေကြီးထဲသို့ ကျသွားပါသည်။ ပထမဆုံး အရာမှာ ဘာဖြစ်ပါသလဲ? အပင်ငယ်လေးတစ်ပင် တက်လာခြင်း ဖြစ်ပါသည်။၎င်းနောက် ပန်းပွားသို့ ရောက်သွားပါသည်။ ၎င်းနောက် ပန်းပွားမှတစ် ဆင့်မူရင်းမျိုးစေ့သို့ ပြန်သွားရခြင်းပင် ဖြစ်ပါသည်။

အသင်းတော်က ပြုလုပ်ခဲ့သော အရာပင်ဖြစ်ပါသည်။ လူသာ၊ ဝက်စလီမှစ၍ယခုအခါမှာ မူရင်းမျိုးစေ့သို့ ပြန်ရောက်သွားပေသည်။ မူရင်းဘုန်းတော်သို့ ပြန်ရောက်သွားပါသည်။ အစက ရှိ ခဲ့သော ဘုန်းတော်သို့ပြန်ရောက်သွားခြင်းဖြစ်ပါသည်။ အရှေ့ဘက်မှထွက်သော

သားတော်သည် အနောက်ပိုင်းမှာလည်းဖော်ပြခြင်းခံရသော သားတော်ပင်ဖြစ်ပါသည်။ ဘုန်းတော်မှ ဘုန်းတော်သို့ပြောင်းလဲနေခြင်းဖြစ်သည်။ တစ်ပါးအမျိုးသားမှစ၍ လူသာသို့ရောက်ပြီး လူသာမှတစ်ဆင့်ဝက် စလီသို့ရောက်သည်။ ဝက်စလီမှတစ်ဆင့် ပင်တေကုတ္တေတွင် ပေါ်လွင်လာပါသည်။ ဆက်၍ဆက် ၍ဘုန်းတော်တစ်ခုမှ တစ်ခုသို့ ပြောင်းလဲသွားပြီး ဗှက်ထားလျှက်ရှိသော မာနတ်ကိုထုတ်နုတ် လိုက်ခြင်း ဖြစ်ပါသည်။

ယခုအခါမှာ မှည့်ဝင်းလျှက် ရှိပါသည်။အစကကဲ့သို့ သူ့အား ပြန်လည်၍ ယူဆောင်လာရန် အတွက် အတိအကျပင် ဖြစ်ပါသည်။ အလားတူသနာပင်ဖြစ်၍အလားတူ ယေရှုခရစ်တော်ပင် ဖြစ်သည်။ အလားတူတန်ခိုးသန့်ရှင်းသောဝိညာဉ်တော်နှင့်ပင် ဖြစ်သည်။ ပင်တေကုတ္တေနေ့မှာပင်ဆင်းသက်ကြွလာတော်မူသော အလားတူ ဝိညာဉ်တော်ဖြစ်၍ ယနေ့ဖော်ပြခြင်းကို ခံရပါသည်။ ဘုန်းတော်ထင်ရှားခြင်းမှာ ဘုန်းတော်ထင်ရှားခြင်းသို့ တိုင်ဖြစ်သည်။ ၎င်း၏ မူရင်းမျိုးစေ့သို့ပြန် သွားပြီး သန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံနှင့် အလားတူ နိမိတ်လက္ခဏာများအံ့ဖွယ်တန်ခိုးများ ဗတ္တိဇံအလားတူ ထိုနည်းတူစွာပင် ပြုမူ၍ တန်းခိုးနှင့်ပြည့်စုံပြီး အလားတူ အားရုံခံစားမှုမျိုးများ ဖြစ် ပါသည်။ ဘုန်းတော်တစ်ခုမှစ၍အခြားဘုန်းတော်တစ်ခုသို့တိုင်အောင်ပင် ဖြစ်ပါသည်။ နောက် တစ်ခုမှာ ‘ဤဘုန်းတော်တစ်ခုမှတစ်ဆင့် ပြောင်းလဲ၍ကိုယ်တော်၏ ဘုန်းထင်ရှားသော ကိုယ် ခန္ဓာထဲသို့ ပြောင်းလဲပြီး ကိုယ်တော်ကိုကျွန်ုပ်တို့ မြင်နိုင်ပါသည်။’ အာဖြဟံကလည်း အလားတူ ပင် တွေ့မြင်ခဲ့ရပါသည်။

70 ၇၀။ ယခုသတိပြုပါ။ မည်သို့ ပြောင်းလဲသွားသည်ကို ကျွန်ုပ်တို့ တွေ့ရပါသည်။ ကားတိုင်မှာကတည်းက ကိုယ်တော်၏ ဘုန်းတော်ကို မျှဝေခံစားနိုင်ရန် ဖိတ်ခေါ်ခြင်းခံရပါသည်။ကောရိန္သုသြ ဝါဒစာ ပဌမစောင် အခန်းကြီး ၁၂ တွင် ကျွန်ုပ်တို့သည်ကိုယ်တော်၏ခန္ဓာကိုယ်ထဲသို့ ဗတ္တိဇံခံခွင့်ရ ကြသည်။ ဝိညာဉ်တော်တစ်ခုတည်းဖြင့်ကျွန်ုပ်တို့အားဖြင့် ကျွန်ုပ်တို့အားလုံး ဗတ္တိဇံခံခွင့်ရသည်။ ‘ရေ’ တစ်ခုတည်းအားဖြင့် မဟုတ်၊ ‘ဝိညာဉ်တော်တစ်ခုတည်းအားဖြင့် ကျွန်ုပ်တို့အားလုံး ဗတ္တိဇံခံခွင့်ရကြသည်။’ မှန်ပါသည်။ယခုအခါမှာ ကျွန်ုပ်တို့ ကိုယ်တော်၏ တစ်စိတ်တစ်ဒေသ ဖြစ်ခွင့်ရပါ သည်။

ခင်ဗျားတို့ကို အချိန်ကြာကြာဆွဲမထားပါဘူး။ ပရိတ်သတ်က ‘မဟုတ်ပါ။’ အယ်ဒီတာ ဟု ဖြေသည်။ မဟုတ်ဘူးလို့မျှော်လင့်ပါတယ်။

အဲဒါဟာ အလွန်ကြီးမားတဲ့တီးဝိုင်းကြီးတစ်ခုလိုပါဘဲ၊ ဒါမှမဟုတ် ပြဇာတ်တစ်ခုကို သရုပ် ဆောင်ပြသရသလိုပါဘဲ။

ကျွန်တော်က သံစုံတီးဝိုင်းကြီးတွေသို့မဟုတ် ပြဇာတ်တွေအကြောင်း သိပ်မသိပါဘူး။ သို့ သော်လည်း ကျွန်တော်က ဤပြဇာတ်ကိုကြည့်နေမိပါတယ်။.... ကျွန်တော်က ကာမင်အကြောင်း ပြောပါသည်။ကျွန်တော်၏ ဇနီးနှင့် ၎င်းတို့ ထိုအထဲမှာ ရှိပါသည်။ သူတို့ ဤသံစုံတီးဝိုင်းထဲမှာတီး ခတ်နေကြသည်။ ကာမင်ထဲမှာ ဖြစ်သည်။ သူတို့သရုပ်ဆောင်ပြသနေကြပါသည်။ ဂီတသံမှာအလားတူအသံကို သရုပ်ဆောင်ပြသနေကြပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်ဗတ္တိဇံခံပါက ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။ ခရစ် တော်အထဲသို့ ဗတ္တိဇံခံခြင်းဖြစ်ပါသည်။

71 ၇၁။ ကျွန်တော်တို့အတော်များများ ရုရှားတေးရေးဆရာကြီး၏ ဇာတ်လမ်းတစ်ပုဒ်ကို ကြားဖူး ကြပါသည်။ Peterand the wolt ဇာတ်လမ်းသည်။ သူတို့ တဖက်ဖက်က အရာအားလုံးကို သရုပ်ပြ၍လှုပ်ရှားပြသကြပါသည်။ ထိုဇာတ်လမ်းကို သိကြသူတိုင်းက စာရွက်ပေါ်မှာ ဖက်သွားကြ ပြီးအသံကိုလည်း တေးသံစုံဝိုင်းမှ ကြားကြရပါသည်။ သရုပ်ဆောင်ပြသကြခြင်းမှာ မည်သို့ ရှိပါသနည်း? ဇာတ်လမ်းဖြစ်၍သရုပ်ဆောင်ကြရပါသည်။ ဘာကြောင့်လဲဆိုတော့ သူတို့ အပြောင်းအ လဲတိုင်းကိုသိကြသောကြောင့် ဖြစ်သည်။ ဒီမှာလည်း သူတို့ကြည့်ပြီး အပြောင်းအလဲကို မြင်ကြ ရပါသည်။

ပြဇာတ်ရေးသားသူက တစ်စုံတစ်ရာကိုရေးသားလိုက်ပါက ဘာဖြစ်လာမည်နည်း?ကျွန် တော်တို့ တွေ့ရှိရသည်မှာ မှန်ကန်စွာ ပြုမူသရုပ်ပြဘို့ သက်သက်သာမဟုတ်ပါလား? တစ်စုံတစ်ခု ဖြစ်ပျက်ခဲ့သည်ကိုကျွန်တော်တို့ ရှာဖွေတွေ့ရှိရပါသည်။ တစ်စုံတစ်ခုလိုနေပါသည်။ သီချင်းရေး သားသူမှာဇာတ်လမ်းတစ်ပုဒ်လုံးကို ဖြစ်ပေါ်စေပြီး ရေးထုတ်လိုက်ခြင်း ဖြစ်ပါသည်။ ၎င်းနောက်သံစုံတီးဝိုင်း တီးမှုတ်ရခြင်းဖြစ်ပါသည်။ မှားနေသော သင်္ကေတကို တီးခတ်ရပါသည်။တစ်စုံ တစ် ခု မှားယွင်းနေပါသည်။ ညွှန်ကြားရေးမှူးက မှားယွင်းသော သဘောဖြစ်နေသည်။

72 ၇၂။ ယနေ့လည်းဘာဖြစ်နေပါသနည်း? ကျွန်တော်ရဲ့လူသာရင်နှစ်ခြင်းနှင့် ပင်တေကုတ္တေညီ ကိုများ ဂိုဏ်းဂဏ အသီးသီးမှကျွန်တော်ညီကိုများ ထိုသို့ပင်ဖြစ်ပါသည်။ သင်သည် လူသာ၊ ဝက် စလီတို့၏နေ့ရက်ကာလများက မှတ်စုများကို ပေးရန် ကြိုးစားနေပါသည်။ ဂီတစာရွက်က နောက်တနေ့ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ကျွန်တော်တို့သည်။ သူ၏ ကဏ္ဍကို ကျွန်တော်တို့လေးစား ပါသည်။ ကျွန်တော်တို့က ပြဇာတ်ကပြပါသည်။ စာစောင်၏ နောက်ပိုင်းမှာကျွန်ုပ်တို့ ဝေးကွာ လျှက် ကျန်ခဲ့ပါသည်။ ထိုသို့ ကျွန်တော်တို့ ပြဇာတ်ပြလို့မရပါ။

73 ၇၃။ သင်ပြုလုပ်နိုင်သောတခုတည်းသော နည်းလမ်းမှာ ဤသို့ဖြစ်ပါသည်။ ညီအစ်ကို ကမ္ဘာအ ရပ်ရပ်မှ ညီအစ်ကိုများကိုကျွန်တော် မပြောလိုသည့်အကြောင်းမှာ တစ်လမ်းတည်းသာ ရှိပါသည်။ ထိုဒါရိုက်တာလုပ်ရန်တလမ်းတည်းသာရှိပါသည်။ သူသည် အလားတူ ဝိညာဉ်တော်ထဲသို့ ဝင်၍ဇာတ်လမ်းရေးသားသူကိုယ်တိုင် ပါဝင်သော ဇာတ်လမ်းထဲမှာ ရှိရပါသည်။ အသင်းတော်တည်းဟူသော သံစုံတီးဝိုင်း ကိုယ်တိုင်မှာ ကမ္ဘာလောကကြီးက ဤအံ့ဘွယ်နိမိတ်လက္ခဏာများကိုကြည့်လျှက်ရှိပါသည်။ အသင်းတော်၊ စာရေးသူ၊ ဒါရိုက်တာတို့အားလုံး ဝိညာဉ်တစ်ခုတည်းမှာရှိ နေသည်။

74 ၇၄။ ‘အံ့ဖွယ်နိမိတ်လက္ခဏာနေ့ရက်များကုန်ဆုံးသွားသည်’ ဟု သူတို့ကပြောသော အခါ မှန် ကန်သော သင်္ကေတကို မထိခိုက်နိုင်ပါ။

မှန်ကန်သောအချိန်သို့ရောက်၍ ၎င်း၏မှန်ကန်သော ဝိညာဉ်ပင်ဖြစ်ပါသည်။ ဝိညာဉ်တော် ဆင်းသက်လာသည်အထိသင်မည်သို့လုပ်နိုင်ပါသနည်း?အာမင် သင်က 'အံ့ဘွယ်နိမိတ်လက္ခဏာနေ့ရက်များ ဘယ်တော့မှ မကုန်ဆုံးပါ။' သံစုံတီးဝိုင်းမှ အသံများ ပေါ်ထွက်လာပါသည်။ 'အာမင်' ကျွန်တော်တို့ ထိခိုက်မိသောအခါ ပြောပါသည်။ 'ယေရှုခရစ်သည် မနေ့၊ ယနေ့နှင့် ထာဝရကာလ အတူတူပင် ဖြစ်ပါသည်။' သံစုံတီးဝိုင်းက မြည်လာသော အသံများ 'အာမင်' ဖြစ် သည်။ 'သန့်ရှင်းသောဝိညာဉ်တော်သင့်အပေါ် သက်ရောက်သောအခါ သင်သည် တန်ခိုးရရှိ လိမ့်မည်။' သံစုံတီးဝိုင်းက 'ယေရှုခရစ်သည် မနေ့၊ ယနေ့နှင့်ထာဝရကာလအတူတူပင် ဖြစ်ပါ သည်။' သံစုံတီးဝိုင်းက မြည်လာသော အသံများ 'အာမင်' ဖြစ်သည်။ 'သန့်ရှင်းသော ဝိညာဉ် တော် သင့်အပေါ် သက်ရောက်သောအခါသင်သည် တန်ခိုးရရှိလိမ့်မည်။ သံစုံတီးဝိုင်းက' 'အာမင် ကျွန်ုပ်ရရှိပြီ' ဟု ဟစ်အော်ပါသည်။ ထပ်မံ၍ ဘာအယူအဆလုပ်ဖွယ်အကြောင်းအရာမရှိတော့ပါ။ ဆက်သွားပါသည် .... {ဘရာသာဘရမ်ဟမ်ကသူ့လက်ကို သုံးကြိမ်တိုင်အောင် လက်ခုပ်တီးပါသည်။ အယ်ဒီတာ} ထိုသို့ဖြစ်ပါသည်။ အို၊ အလွန်ကြီးမားဆန်းကြယ်သောအရာ ဖြစ်သည်။ ဒါရိုက်တာနှင့် တေးရေးဆရာမှာ ဝိညာဉ်တော်၌ ဖြစ်ပါသည်။လှုပ်ရှားပြရပါမည်။ ဘာဖြစ် နေသည်ကို ကမ္ဘာလောကကြီးက အံ့သြနေကြရပါမည်။

ကွန်မြူနစ်ဝါဒအကြောင်း၎င်းတို့ပြောဆိုကြပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကျွန် တော်စိတ်ခံစားရပါသည်။ဤကဲ့သို့ ရောယှက်မှုများနှင့် အရာခပ်သိမ်းမှာ ခွဲခြားခြင်းပင် ဖြစ်ပါ သည်။ အို၊ဂရုဏာတော် ဤသို့ မကောင်းသော အရာများဖြစ်ပြီး ကိုယ်တော်ရှင်ကြွလာတော်မူ သောအခါတစုံတစ်ခု မှားယွင်းနေကြောင်း သိရပါသည်။ ဒါရိုက်တာ ဘာရသလဲဆိုတာ ကျွန်တော်စိုးရိမ်ပါသည်။ .... ဒါရိုက်တာများက တေးရေးသမား၏ ဝိညာဉ်ထဲမှကွဲသွားကြပါသည်။

75 ၇၅။ ထိုတေးရေးဆရာ၏ဝိညာဉ်ကိုရပါက ဘုရားသခင်၏ မူရင်းတန်ခိုးမှာ သမ္မာကျမ်းစာဆို ထားသည်အတိုင်း 'ရှေးလူများသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် နှိုးဆော်ခြင်းခံရပြီး ဤ သမ္မာကျမ်းစာကို ရေးသားပါသည်။တရုတ်စက္ကူနှစ်ရွက် အတူတူဆက်စပ်လျှက်ရှိသည်ကို သင် တွေ့ရပေမည်။ ဘုရားသခင်၏သမ္မာကျမ်းစာကဲ့သို့ ဖြစ်ပြီး ယုံကြည်သူမှာ အတူတကွ ရောက်လာ မည်ဖြစ်ပါသည်။အကြောင်းမှာ သူတို့သည် အလားတူ ဝိညာဉ်တော်ထဲမှာ ရှိသည်။' သူတို့မှာ အတူတူပင်ဖြစ်သည်။ သူတို့မှန်မှန်ကန်ကန်နှင့် အတူတကွ ဆက်သွားပါမည်။ ယနေ့ ကျွန်တော် တို့ လိုအပ်သည့်အရာမှာဒါရိုက်တာများပင် ဖြစ်သည်။ မှန်ပါသည်။ နှုတ်ကပတ်တော်ကို ပြန်သွား ရပါမည်။၎င်းဆိုထားခဲ့သည်အတိုင်း နှုတ်ကပတ်တော်သို့ ပြန်သွား၍ ယုံကြည်ပါ။ ထိုအခါ သင် သည်ဘုရားကိုယ်တိုင်ကို တွေ့ရပါမည်။ လိုက်ကာကို ဖယ်လိုက်ခြင်းပင် ဖြစ်သည်။ ပြဇာတ်မှာတကယ်ဖြစ်လာပေပြီ။

76 ၇၆။ ယနေ့သူတို့ဆိုကြပါသည်။ 'သူသည်သမိုင်းကြောင်းဆိုင်ရာ ဘုရားဖြစ်ပါသည်။ သူက ပင် လယ်နီကို ဖြတ်သန်းသွားကြောင်းကျွန်ုပ်တို့ သိပါသည်။ဤအရာများအားလုံးကို ပြုလုပ်ပါ သည်။ သူသည် ရဲရဲတောက်ပူနေသောမီးဖိုထဲရောက်နေပါသည်။ ဟေဗြဲကလေးငယ်များလည်း ပါ ပါသည်။' သမိုင်းကြောင်းဆိုင်ရာ ဘုရားသခင်မှာမည်သို့ကောင်းမွန်ပါသနည်း? ယနေ့ သူသည်အလားတူမဟုတ်ပါလား? လူသားသည်အမြဲတမ်း ဘုရားကို ဘုန်းတော်ထင်ရှားစေသူ ဖြစ်၍ သူ လုပ်သည့်အရာနှင့် စဉ်းစား၍သူဘာလုပ်မည်ကို စဉ်းစားပါသည်။ သူဘာလုပ်နေသည်ကိုလည်း ဂရုမပြုနိုင်ပါ။ထိုသို့ပြုလုပ်ရန်သာ ဖြစ်သည်။ ယနေ့လည်း ထိုသို့ပင် ဖြစ်ပါသည်။ ညီကိုများ အလားတူအရာပင် ဖြစ်သည် အိုဖြစ်မှဖြစ်ရလေ။

ပြန်ကြ၍ သံစုံတီးဝိုင်းကို တီးကြပါစို့။ကမ္ဘာလောကကြီးက မြင်နိုင်ရန်ဖြစ်ပြီး သခင်ယေရှု မိန့်တော်မူသည်မှာ 'ငါသည် ဤလောကကြီးမှ မြှောက်ထားခြင်းခံရပါက လူသားအားလုံးကို ငါ့ထံသို့ ငါဆွဲဆောင်မည်။' 'သူသည် မနေ့၊ယနေ့နှင့် ထာဝရကာလအတူတူပင် ဖြစ်ပါသည်။'

ဒါရိုက်တာများ မှန်ကန်သော ဝိညာဉ်ထဲသို့ရောက်ကြပါစေ။ ဂီတပညာရှင်များနှင့် တေး ရေးဆရာ များ၊ အားလုံးကောင်းသွားပါမည်။ ကျွန်တော်တို့မှာ ထိုအရာနှင့် ပတ်သက်၍ ဘာမှ ထင်မြင် ယူဆ၍ မရတော့ပါ။ ကျွန်ုပ်တို့သူနှင့်အတူ နှိုင်းယှဉ်ကြရမည်ဖြစ်ပါသည်။ (ဟေဗြဲ ၁၃း၈) တွင် 'ကိုယ်တော်သည် မနေ့ယနေ့ ထာဝရကာလအတူတူပင်ဖြစ်ပါသည်။'

77 ၇၇။ တမန်တော်၂တွင် ကိုယ်တော်နှင့်အတူ ကျွန်ုပ်တို့ တူညီမှုရှိကြောင်း ဖော်ပြခြင်းခံရပါသည်။သူတို့နှင့်အတူ တူညီမှုရှိ၍ ဗတ္တိဇံလည်း တူညီသည်။ ကိုယ်တော်သည် အားလုံးဖြစ်၍ကျွန်ုပ်တို့ လည်း ဖြစ်ပါသည်။ အတိအကျပင်ဖြစ်သည်။

ကျွန်တော်သည်အမေရိကန်စစ်စစ်ဖြစ်လိုသကဲ့သို့ပင် ဖြစ်ပါသည်။ သူမသည် စစ်မှန်သော အမေရိကန်၏လက္ခဏာများရှိသဖြင့် ကျွန်တော်လည်း စစ်မှန်သော အမေရိကန် ဖြစ်လိုပါသည်။

ကျွန်တော်သည် စစ်မှန်သောအမေရိကန်ဖြစ်ပါက ပလိုင်းမောက် သင်္ဘောကြီးပေါ်မှာ ကျွန်တော် ပါလာပါမည်။ အာမင်။ကျွန်တော် အမေရိကန်ဖြစ်ပါက ပြုခဲ့မည်ဖြစ် ပါသည်။ သင်လည်း ထိုသို့ ပင်ဖြစ်ပါသည်။ဘိုးဘေးတို့နှင့်အတူ ပလိုင်းဟောက်သင်္ဘောကြီးနှင့်အတူ သင်ပါလာခြင်းဖြစ်ပါ သည်။ပလိုင်းဟောက်သင်္ဘောကြီးပေါ်မှာ ပါလာ၍ အမေရိကန်နိုင်ငံကို ခြေချလိုက်သောအခါမှာကျွန်တော်သည် သူတို့နှင့်အတူ ရှိ၍ သင်လည်း ရှိပါသည်။ လူတိုင်းရှိပါသည်။

78 ၇၈။ ပေါရီဗီနှင့်ကျွန်တော် အတူစီးလာပါသည်။ လမ်းတလျှောက်လုံး စီးလာခြင်းဖြစ်ပါသည်။အန္တရာယ်တစ်ခုစီကို သတိပေးခဲ့ပါသည်။ ၎င်းသည် အတိအကျ အမှန်အကန်ပင်ဖြစ်ပါသည်။

Ualleyforge မှာ ကျွန်တော်သည် ရေခဲနေသော Delawareကို ဖြတ်ကျော်သွားရပါ သည်။ စစ်သားတစ်စုလည်း ပါပါသည်။ တစ်ဝက်မှာဖိနပ်များမပါကြပါ။ ကျွန်တော်တညလုံး လျှော(ချ်)ဝါရှင်တန်နှင့်အတူ ဆုတောင်းရပါသည်။ Delaware ကိုလည်းနှလုံးသားထဲမှ ရှုပါရုံနှင့် ကျွန်တော်က ဖြတ်ကူးသွားပါသည်။ ကျွန်တော်တို့သည်အမေရိကန်များဖြစ်ကြပါသည်။ ဟုတ်ပါ သည်။ Ualleyforge မှာ ကျွန်တော်အမှန်တကယ်ဘဲ ပြုမူခဲ့ခြင်းဖြစ်ပါသည်။

မူရင်းကျေးဇူးတော်ချီးမွမ်းသောဖခင်များဖြင့် ကျွန်တော်ကပြန်လည်၍ ကျေးဇူးတော် ချီးမွမ်းပါ သည်။ ဘုရားသခင်ကိုကျေးဇူးတုန့်ပြန်ပါသည်။ ကျွန်တော်သည် တကယ်စစ်မှန်သော အမေရိ ကန်ဖြစ်ပါက ထိုဇယားထဲမှာ ကျွန်တော်အသိအမှတ်ပြုခြင်း ခံရပါသည်။

ကျွန်တော်သည် တကယ်စစ်မှန်သောအမေရိကန်ဖြစ်ပါက slane wallstachsumနှင့် ရပ် တည်သောသူနှင့် ကျွန်တော်သည်အသိအမှတ်ပြုခြင်း ခံရပါသည်။

ကျွန်တော်သည် တစ်ကယ်စစ်မှန်သောအမေရိကန်ဖြစ်ပါက ဘော်စတွန်လဖက်ရည်ပွဲမှာ ကျွန်တော်အသိအမှတ်ပြုခြင်း ခံရပေမည်။ ကျွန်ုပ်တို့၏ မျက်လုံးများကွယ်သွားစေရန် ဆွဲဆောင် ခြင်းကို ကျွန်တော်တို့ငြင်းပယ်ခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် စစ်မှန်သော အမေရိကန်ဖြစ်ပါ သည်။ ထိုသို့အသိအမှတ်ပြုခြင်း ခံရပါသည်။ မှန်ပါသည်။ ဆရာ။ အို ဖြစ်ရလေ

79 ၇၉။ လေဘာတီခေါင်းလောင်းကြီးကိုကျွန်တော် တီးပါသည်။ (၁၇၇၆ ခုနှစ် ဇူလိုင် ၄ရက်)နေ့က ပထမဆုံးအကြိမ်ဖြစ်သည်။ လေဘာတီခေါင်းလောင်းကြီးကို တီးပြီးလွပ်လပ်ရေးရကြောင်း ကြေငြာ ပါသည်။တကယ်စစ်မှန်သော အမေရိကန်တစ်ဦးဖြစ်ရပါမည်။

တော်လှန်ရေးကာလက ကျွန်တော် သူမနှင့်အတူအရှက်ကွဲခံခဲ့ရပါသည်။ ညီအစ်ကိုများ တိုက် ခိုက်ကြပါသည်။ သူမအရှက်ကွဲသည်ကိုကျွန်တော်ခံခဲ့ရပါသည်။ သူမဘုန်းကြီးသည်ကို လည်း ကျွန်တော် ခံစားရပါမည်။ကျွန်တော်သည် အမေရိကန်ဖြစ်ပါက သူမနှင့်အတူ မိမိကိုယ်ကို နှိုင်းယှဉ်ရပါမည်။ဟုတ်ပါသည် ဆရာ။

လင်ကွန်း မိန့်ခွန်းပြောခဲ့သော Gettysburg မှာ ကျွန်တော်အသိအမှတ်ပြုခြင်းခံခဲ့ရပါ သည်။ ဟုတ်ပါတယ် ဆရာ။

wakeကျွန်းပေါ်မှာ ကျွန်တော်သည် သွေးရဲရဲနှင့် စစ်သားအလောင်းများပေါ်တွင် ရပ်ကြည့်ခဲ့သည်။ wake ကျွန်းပေါ်မှာကျွန်တော် ရပ်နေခဲ့သည်။ ဂူအမ်မှာ အလံထူရန် ကျွန်တော်ကူညီခဲ့ သည်။

ကျွန်တော်သည် တကယ်စစ်မှန်သောအမေရိကန်ဖြစ်ပါသည်။ အာမင်။ သူမသည် အား လုံးအလုံး စုံဖြစ်သည်။ ထိုအတွက်ကြောင့်ဂုဏ်ယူပါသည်။ အမှန်တကယ်ပင်ဖြစ်သည်။ အမေရိကန်များ အားလုံးမှာ သူမ၏အားလုံးပင်ဖြစ်သည်။ ကျွန်တော်လည်း ထိုသို့ပင်ဖြစ်သည်။ အမေရိကန်ဖြစ် နိုင်ရန်ပင်ဖြစ်ပါသည်။ သူမသည် အရာခပ်သိမ်းဖြစ်ပါသည်။ ဖြစ်ကိုဖြစ်ရပါမည်။ အ ကြောင်းမှာသူမနှင့်အတူ အမှတ်အသားပြုခံရခြင်း ကြောင့်ဖြစ်ပါသည်။

80 ၈၀။ အလားတူပင်ဖြစ်သည်။တစ်ကယ်စစ်မှန်သော ခရစ်ယာန်တစ်ဦးဖြစ်ရန်အတွက် ထိုအ ရာနှင့် ထပ်တူထပ်မျှဖြစ်ရန်လိုပါသည်။

မောရှေနှင့်အတူ ကျွန်တော် တရားဟောပါသည်။..... နောဧနှင့်အတူလည်းဖြစ်သည်။ နောင်လာမည့် တရားစီရင်ခြင်းအတွက်လည်း လူအများကို သတိပေးရပါသည်။ တကယ်စစ်မှန်သော ခရစ်ယာန်အတွက်ပင် ဖြစ်သည်။

ကျွန်တော်သည် မောရှေနှင့် အတူမီးတောက်နေသော ခြုံအနားမှာ ရှိပါသည်။ မီးတိုင်ကို တွေ့နေရပါသည်။ သူ၏ဘုန်းတော်ကိုကျွန်တော်တို့ တွေ့ရပါသည်။ မောရှေနှင့်အတူ တောထဲမှာ ရှိ နေခဲ့ပါသည်။ခရစ်ယာန်ဖြစ်ရန်အတွက်ပင် ဖြစ်သည်။ ဘုရားသခင်နှင့်အတူ အဖက်ဖက်က တူ ညီရပါသည်။ခရစ်ယာန်ဖြစ်နိုင်ရန်အတွက်ဖြစ်ပါသည်။ သူ၏ဘုန်းတော်ကို ကျွန်တော် တွေ့ရပါ သည်။ သူ၏အသံကို ကြားရပါသည်။ ယခုအခါကျွန်ုပ်လွဲ၍ ရှင်းလင်းဖော်ပြရန် မကြိုးစားပါနှင့်။ အကြောင်းမှာ ကျွန်တော်ထိုနေရာမှာ ရှိသောကြောင့်ဖြစ်သည်။ ကျွန်တော် ဘာပြောနေသည်ကိုကျွန်တော်သိပါသည်။ ဘာဖြစ်ခဲ့သလဲဆိုတာ ကျွန်တော် တွေ့မြင်ရပါသည်။ ဟုတ်ပါတယ်ဆရာ။

81 ၈၁။ ကျွန်တော်သည်ပင်လယ်နီမှာ ရှိခဲ့သည်။ ဘုရားသခင်၏ ဝိညာဉ်တော်ဆင်းသက် ကြွ လာတော်မူပြီး အခြားတစ်ဖက်မှနေ၍ရေကို ခွဲထုတ်လိုက်သည်။ ရှုပ်ထွေးနေသော ရေမှော်ပင် များအားဖြင့် မဟုတ်ပါ။ယနေ့သူတို့ ပြောဆိုသော အကြောင်းဖြင့် မဟုတ်ဘဲ ပေကိုးဆယ်ခန့် နက်နဲသောပင်လယ်ပြင်အားဖြင့် ဖြစ်ပါသည်။ ကျွန်တော်သည် ဘုရားသခင်၏ ဝိညာဉ်ကို တွေ့မြင်ခဲ့ရပါသည်။ ထိုခြောက်သွေ့သော မြေပြင်အားဖြင့် ကျွန်တော် လျှောက်သွားသည်။ပင်လယ်နီ ကို ဖြတ်သွားသည်။

ကျွန်တော်သည် သိနာတောင်ပေါ်မှာ ရပ်နေ၍မိုးချုန်းသံနှင့် လျှပ်စီးလက်သံများကို တွေ့ရ သည်။ သူတို့နှင့်အတူ မန္နမုန့်ကိုစားခဲ့သည်။ ကျောက်ထဲမှရေကို သောက်ခဲ့သည်။ ယနေ့ညလည်း လုပ်နေဆဲ ဖြစ်သည်။ မန္နမုန့်စားသူများနှင့်တစ်သားတည်းဖြစ်ခဲ့ရသည်။ ကျောက်ထဲမှ ရေကို သောက်၍ ပင်လယ်နီကို ဖြတ်သွားသည်။

ယောရှုသည် တံပိုးမှုတ်သောအခါသူတို့နှင့်အတူ ငါရှိခဲ့သည်။ ယေရိခေါမြို့ရိုးမှာ ပြိုကျ ရ ပါသည်။

ဒံယေလနှင့်အတူ ကျွန်ုပ်သည်ခြင်္သေ့တွင်းထဲမှာ နေခဲ့ရသည်။ ဟေဗြဲကလေးငယ်များနှင့် အတူ မီးဖိုထဲမှာ နေခဲ့ရသည်။ငါသည် တောင်ပေါ်မှာ .... ဧလိယနှင့်အတူ တူကာလ်မဲလ်တောင် ပေါ်မှာနေခဲ့ရသည်။

82 ၈၂။ ကျွန်တော်သည်ဗတ္တိဇံဆရာယောဟန်နှင့်အတူ ရှိနေခဲ့ပါသည်။ ဝေဖန်သူများနှင့်အတူ ရှိခဲ့ သည်။သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်သည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ဘုရားသခင်၏ အသံတော်ကိုလည်းကြားခဲ့ရသည်။ ‘ဤသူမှာငါချစ်သောသားဖြစ်၍ သူ့အထဲမှာ ကျိန်းဝပ်ရန် ကျွန်ုပ်အလွန်နှစ်သက်အားရသည်။’ ဟုဆိုပါသည်။မှန်ပါသည်။ သူနှင့်အတူတစ်သားတည်း ဖြစ်ရ သည်မှာ သေချာပါသည်။ အတိအကျအမှန်ကန်ပင် ဖြစ်ပါသည်။

လားဇရု၏ သင်္ချိုင်းဂူမှာ ကျွန်တော်ထပ်တူထပ်မျှခံစားရပါသည်။ သူက လားဇရုကို ထမြောက်စေ သောအခါမှာ ကျွန်တော်

ထပ်တူခံစားရပါသည်။ ရေတွင်းနားက အမျိုးသမီးဖြစ်ပြီး သူမ ၏အပြစ်များကို သူမက ပြောပြနေစဉ်အခါမှာပင် ဖြစ်သည်။ ဟုတ်ပါတယ် ဆရာ။

ကိုယ်တော်ရှင် သေဆုံးသည့်အခါကျွန်တော်သည် ကိုယ်တော်နှင့်အတူ တစ်သားတည်း ဖြစ်ခွင့်ရပါသည်။ ပထမဆုံး အီစတာမှာကျွန်တော် အသိအမှတ်ပြုခြင်းခံရပါသည်။ ကိုယ်တော်ကို သေခြင်းမှရှင်ပြန်ထမြောက်ခွင့်ရစေပါသည်။ သူ၏ သေဆုံးခြင်းမှာ သူနှင့်အတူ အသိအမှတ်ပြုခြင်းခံရပါသည်။

ကျွန်တော်သည် အထက်ခန်းမတွင်လူ(၁၂၀)နှင့်အတူ ရှိနေပါသည်။ သူတို့နှင့်အတူ အထက်မှာ အသိအမှတ်ပြုခံရပါသည်။ ဟေ၊ကျွန်တော် ဘုရားတရားမြဲသည်ဟု ခံစားရပါသည်။ အိုဖြစ်ရလေ၊ ကျွန်တော် ထိုနေရာမှာအသိအမှတ်ပြုခံရပါသည်။ သူတို့ထဲမှ တစ်ယောက်ဖြစ်ပါ သည်။ အသိအမှတ်ပြု ခံရပါသည်။သူတို့မှာရှိသော အတွေ့အကြုံမျိုး ကျွန်တော့်မှာ ရှိပါသည်။ ထို သို့ ဖြစ်ပျက်စဉ်အခါကျွန်တော်ထိုနေရာမှာ ရှိပါသည်။ စစ်မှန်သော ခရစ်ယာန်ပင် ဖြစ်သည်။ ကြီး မားသောလေတိုက်ခက်လာကြောင်း ကျွန်တော်မြင်တွေ့ရပါသည်။ ကျွန်တော် မျက်မြင်သက်သေ ဖြစ်ပါသည်။တုန်လှုပ်လာသောအခါ ဘုရားသခင်၏ တန်းခိုးကို ခံစားရပါသည်။ အခြားသော ဘာ သာစကားပြောဆိုသူများနှင့်အတူ ကျွန်တော်ရှိနေပါသည်။ ဘိသိတ်ပေးခြင်းဝင်ရောက်လာသည် ကို လည်းခံစားရပါသည်။ သူတို့နှင့်အတူ ကျွန်တော် ရှိနေပါသည်။ သန့်ရှင်းသော ဝိညာဉ်တော် ကအခြားသော ဘာသာစကားကို စတင်ပြောဆိုသောအခါ သူတို့နှင့်အတူ ကျွန်တော်သည် ဖြစ်ရ ပါသည်။

ကျွန်တော်သည် ပေတရုနှင့်အတူ ရှိပါသည်။တမန်တော် ၂ မတိုင်မီ ဝေဖန်ခံရစဉ်ကာလ ကတည်းက ဖြစ်သည်။ ထိုစဉ်က ပေတရုသည် သူ၏တရားဟောချက်ကြီးကို ဟောကြားခဲ့ပါ သည်။ သူနှင့်အတူ ကျွန်တော် တစ်သားတည်းဖြစ်ခွင့်ရပါသည်။ ဟုတ်ပါတယ်ဆရာ။

83 ၈၃။ တမန်တော်၄ တွင် သူတို့အတူတကွ စုရုံးကြသောအခါ သူတို့နှင့်အတူ အဆောက်အဦး ကြီးမှာတုန်လှုပ်သွားရပါသည်။ စုတောင်းစည်းဝေးပြီးသောအခါ အဆောက်အဦးမှာ တုန်လှုပ်၍သူတို့ထိုင်နေသော နေရာမှာ တုန်ခါသွားသည်။ ထိုနေရာမှာလည်း သူတို့နှင့်အတူ ကျွန်တော်အသိ အမှတ်ပြုခြင်း ခံရပါသည်။ မားစ်တောင်ကုန်းပေါ်မှာ ကျွန်တော်ပေါလုနှင့်အတူတရားဟော ပါသည်။ မှန်ပါသည် ဆရာ၊

ယောဟန်နှင့်အတူ ကျွန်တော်သည် ပတ်မုန့်ကျွန်းပေါ်မှာရှိနေပါသည်။ ကိုယ်တော် ဒုတိယအကြိမ် ကြွလာတော်မူခြင်းကိုမြင်တွေ့ရပါသည်။ပြုပြင်ပြောင်းလဲရေးတွင် လူသာနှင့် အတူ ကျွန်တော် ရှိပါသည်။

ကျွန်တော် ဝက်စလီနှင့်လည်း အတူရှိပါသည်။သူသည် မီးတစ်စိတ်ပင် ဖြစ်သည်။ မီးတောက်များကြားမှ ဖမ်းဆုပ်လိုက်သူဖြစ်သည်။ အင်္ဂလိီကန်အသင်းတော်ကို ကြီးမားစွာ တော် လှန်ခဲ့သူ ဖြစ်သည်။ ကျွန်တော် သူနှင့်အတူရှိနေပါသည်။

ယနေ့ည ကျွန်တော် ဤနေရာမှာ ရှိပါသည်။၁၉၆၄-ခုနှစ်ဖြစ်၍ ပင်ဘာမေးနီးယား ပြည် နယ်၊ ဖီလာဒဲလ်ဖီးယားမြို့ကလေးမှာ အလားတူလူစုကလေးနှင့်အလားတူ အတွေ့အကြုံက လေးနှင့် ဖြစ်ပါသည်။ ကျွန်ုပ်သည်ခရစ်ယာန်ဖြစ်ရပါမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် ကို ဖေါ်ပြသော နေရာမှာ ကျွန်တော်နေထိုင်၍ အသိအမှတ်ပြုခြင်းကို ခံရပါမည်။ ဘုရားသခင်၏ ဝိညာဉ်တော်ကို ခံစားရသောအုပ်စုနှင့် ကျွန်တော် တစ်ထပ်တည်း ဖြစ်ပါမည်။

84 ၈၄။ သူ့အားဖုံးကွယ်ခြင်းမရှိကြောင်း သိသောအုပ်စုနှင့် ကျွန်တော်သည် တစ်သားတည်း အသိအမှတ်ပြုခြင်း ခံရပါသည်။ ဤအုပ်စုမှာ အယူသီးခြင်းမဟုတ်ဘဲ မနေ့၊ယနေ့ နှင့် ထာဝရကာလကိုယ်တော်ရှင်သည် အတူတူပင်ဖြစ်ကြောင်း သိကြပါသည်။ 'ယေရှုခရစ်သည် မနေ့၊ ယနေ့နှင့် ထာဝရကာလ အတူတူပင်ဖြစ်ပါသည်။' ယနေ့ည ဟိုအုပ်စုနှင့်ကျွန်တော်ထပ်တူထပ်မျှ ဖြစ်ခွင့်ရ ပါသည်။ သူတို့ကို အယူများဝါဒီအုပ်စုဟု ခေါ်ဆိုကြပါသည်။အယူသီးသော အုပ်စု ဖြစ်သည်။ ဘု ရားသခင်၏ နှုတ်ကပတ်တော်အရ ဖြစ်ပါသည်။ သို့သော်လည်း 'ငါသည် ယေရှုခရစ်တော်၏ ဧဝံ ဂေလိတရားအရရှက်ကြောက်ခြင်းမရှိ၊ အကြောင်းမှာ ထိုတရားသည် ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ တန်ခိုးတောဖြစ်သောကြောင့်ပေတည်း။' ကျွန်တော်လည်းတစ်ဦးတည်း အပါအ ဝင်ဖြစ်သည်။ ငါသည် အသက်ရှင်သော ဩဝါဒစာစောင်ဖြစ်၍ ငါပြောသည်အတိုင်းဖေါ်ပြခြင်း ခံရ ပါမည်။ ဘုရားသခင်သည် လူသားဇာတိနှင့် ဖုံးကွယ်ခြင်း ခံရပါသည်။အမျိုးသားနှင့် အမျိုးသမီး တိိုင်မှာ ဖြစ်သည်။ အို

85 ၈၅။ ဘုရားသခင်သည်သူ၏ Enmorphe ထဲမှာတစ်ဖန် မိမိကိုယ်ကို ဖုံးကွယ်လျှက်ရှိပြီး သူ၏ လူများကို မိမိကိုယ်ကို ဖေါ်ပြလျှက်ရှိပါသည်။ ကြီးမြတ်သော ဘုရင်ကြီးက မိမိ၏ ဘုန်းတော်ကို ဘေးမှာ ချထားပါသည်။ 'တခဏအကြာမှာ ကမ္ဘာလောကကြီးသည်ငါ့ကိုတွေ့ကြရတော့မည် မဟုတ်ပါ။ ငါသည် သူတို့ထံမှ ဖုံးကွယ်ခြင်း ခံရပါမည်။သို့သော်လည်း သင်တို့ ငါ့ကို တွေ့ရပေ မည်။ အကြောင်းမှာ သင်တို့နှင့်အတူ ငါရှိ၍သင်တို့အထဲမှာ ငါရှိနေပါမည်။ နောက်ဆုံး နိဂုံးချုပ် သည်အထိ တစ်လျှောက်လုံးရှိနေပါမည်။ လူသာမှ ဝက်စလီသို့ပြောင်းသောအခါ ဆက်၍ ဆက်၍ ဘုန်းတော်တစ်ခုမှ တစ်ခုသို့သွားကြပေမည်။ ငါသည် အလားတူ အသက်ရှင်သော ဘုရားပင် ဖြစ်သည်။ မူရင်းဘုန်းတော်သို့ပြန်သွားပါသည်။ ငါသည် အသက်ရှင်သော ဘုရား ဖြစ်နေဆဲ ဖြစ် သည်။ မူရင်းဘုန်းတော်သို့ပြန်သွားရပေမည်။' ဟာလေလုယာ၊

86 ၈၆။ ဂိုဏ်းဂဏတိုင်း၏ဖုံးကွယ်မှုကို သူက ချိုဖွဲ့ခဲ့ပါသည်။ အတားအဆီးတိုင်းကို ဖြစ်သည်။ ထိုအသံကဆိုသည်မှာ 'အိုအဲဒါတစ်ယူသန်ဖြစ်ခြင်းပါဘဲ၊' သူကထိုကြားထဲ မှာ ဖြတ်သန်းသွား ပါသည်။ ထိုအထဲမှ ထွက်လာသော အသံဖြစ်သည်။ 'အိုအဲဒီလူတွေ ကြောင်နေကြပြီ' ဟုဆိုသည်။ သူက ထိုလိုက်ကာထဲမှ ချိုဖွဲ့ဖြတ်သန်းလာသည်။ ဟုတ်ပါသည်။ သူတစ်ကယ်ဘဲဖြတ်သန်းခဲ့ သည်။ 'အိုသင်ထိုသို့ မလုပ်နိုင်ပါ။ သင်သည် ဘာမှ မဟုတ်ပါ။ အစွန်းရောက်အုပ်စုတစ်စုသာ ဖြစ်သည်။' သူက ဖြတ်ကျော်၍ ဝင်ရောက်လာခဲ့ပါသည်။အနာရောဂါငြိမ်းခြင်း စသည့်အရာမျိုး မရှိပါ။ သူ၏ နှုတ်ကပတ်တော်က ပြောသောကြောင့်ဖြစ်ပါသည်။ သင်သည်

ဘုရားရှင်၏ နှုတ်က ပတ်တော်ကို အနိုင်ယူ၍ မရပါ။

ကိုယ်တော်ရှင် ထိုနေရာမှာ ရပ်နေပါသည်။ယနေ့ညပင်ဖြစ်သည်။ အကြီးမြတ်ဆုံးအောင် မြင်သူဖြစ်သည်။ အကြောင်းမှာ ကိုယ်တော်သည်မက်သဒစ်၊ နှစ်ခြင်း၊ ပရက်စ်ဘီတေးရီးယန်းတိုင်း ကို ချိုးဖဲ့ခဲ့ပါသည်။ သူသည် သူ၏လူများကြားမှာ ရပ်နေဆဲဖြစ်သည်။ ယနေ့ည အစဉ်အလာများ က မအောင်မြင်နိုင်ပါ။ လူအများပြောလိုသမျှကိုပြောကြပါစေ။သူတို့ လုပ်လိုသည်ကို လုပ်ခွင့်ပြု ပါ။ သူတို့ဘာဘဲ ဆန္ဒရှိရှိလုပ်ပါစေ။ ဘုရားသခင်သည် အသံအကာအကွယ်များကို ဖြတ်ကျော်၍ ဝင်ရောက်ခဲ့ပါသည်။

87 ၈၇။ သူတို့ကျွန်ုပ်ကို ပြောသည်ကို သတိမရပါ။ ခဲယဉ်းသည့်ဆန္ဒနှင့် အမှန်အကန်အတားအဆီး များကိုချိုးဖဲ့ခဲ့ပါသည်။ ၎င်း၏ အရှိန်ကို အကန့်အသတ် မပြုလုပ်ပါ။

သင့်ကို ကျွန်တော်ပြောနေပါသည်။ သင်သည်အစဉ်အလာ အတားအဆီးကို ချိုးဖဲ့ခဲ့ပါ သည်။ 'သခင်ယေရှုမှာအဝေးနောက်ဖက်မှာ ကျန်နေပါသည်။ ယခု မရှိပါ။' သူသည် မနေ့ ယနေ့ နှင့် ထာဝရကာလ အတူတူပင် ဖြစ်ပါသည်။ ဤအစည်းအဝေးကြီးမှာဘုရားသခင်လုပ်နိုင်သော အတိုင်းအတာ မရှိပါ။ ဤအစည်းအဝေးကြီးမှာဘုရားသခင်လုပ်နိုင်သော အတိုင်းအတာ မရှိပါ။ သူတို့လိုသော ဤကမ္ဘာလောကကြီးကိုဖေါ်ပြပါသည်။ ကမ္ဘာကြီး၏ ပွဲတော်မဟုတ်ပါ။ ကမ္ဘာနိုးထ မှုကြီးဘဲ ဖြစ်ပါသည်။ အသက်ရှင်တော်မူသော ဘုရားသခင်နှင့် ပြည့်ဝ၍ ဗတ္တိဇံခံထားခြင်း ဖြစ်ပါ သည်။ EN MOPHPHE က မိမိကိုယ်ကိုဖေါ်ပြ၍ လူဇာတိခံပါသည်။ ဟာလေလုယာ ကျွန်ုပ် ယုံကြည်ပါသည်။

အတားအဆီးတိုင်းကို ချိုးဖဲ့ခဲ့သည်။ဖုံးအုပ်ထားသမျှကိုလည်း ပယ်ဖျက်ခဲ့သည်။ ဘယ်အ ရာမှ ကိုယ်တော်ရှိနေတော်မူခြင်းကိုပုန်းရှောင်၍မရပါ။ လူအများမှာ သူတို့နှလုံးသားများထဲတွင် ဆာငတ်မှုများဖြစ်နေသောအခါဖုံးကွယ်ထားသောအရာကို ပယ်ဖျက်ရန် အဆင်သင့်ဖြစ်နေပေပြီ။ သင်သည် ထိုအရာပေါ်မှာရပ်တည်နေရပါမည်။ လိုက်ကာတိုင်းကို ဆွဲဖြဲပစ်ရမည်။ သူ၏ ကြီး မြတ်သောဝိညာဉ်တော်အားဖြင့် ဖြစ်ပါသည်။

ယနေ့ညလည်းကိုယ်တော်ရပ်တည်လျှက်ရှိပါသည်။ ကြီးမားလှစွာသော အနိုင်ရရှိသူဖြစ်ပါ သည်။ မနေ့၊ယနေ့နှင့် ထာဝရကာလ အတူတူပင် ဖြစ်ပါသည်။ အနာရောဂါဖြစ်နေသူများကို ရောဂါငြိမ်းစေသည်။ ယုံကြည်သူများကို ဗတ္တိဇံပေးသည်။ သူအမြဲပြုလုပ်ခဲ့သည့်အတိုင်းပင်ဖြစ်ပါ သည်။ သူသည် ကြီးမားသော တိုက်ခိုက်အောင်မြင်နိုင်သူဖြစ်သည်။ကျိန်ခြင်းခံရသော နတ်ဆိုး များ ထွက်ပြေးကြရသည်။ မှန်ပါသည်။ ကိုယ်တော်ရှိနေပါသည်။သူတို့အမြဲတမ်း ပြေးနေရပါသည်။

88 ၈၈။ နိဂုံးချုပ်ပြောရမည်ဆိုလျှင်ဤအကြောင်းအရာကို ကျွန်တော် ပြောရပါတော့မည်။ တချိန် က .... ပုံပြင်တပုဒ်ကို ဖတ်ကြည့်ပါ။ နှစ်ပေါင်းများစွာ ကြာခဲ့စဉ်ကတယောသမားတစ်ဦး ရှိခဲ့ပါ သည်။ သူတို့ရောင်းမည့် တယောအိုးကြီးတလတ် ရှိပါသည်။ခင်ဗျားတို့ ဒီပုံပြင်နဲ့ပတ်သက်ပြီး အကြိမ်ပေါင်းများစွာ ကြားခဲ့ပြီးဖြစ်ပါသည်။ပစ္စည်းတစ်စုံတစ်ခုအတွက် သူတို့က ရောင်းချလိုက် ခြင်းဖြစ်ပါသည်။ လေလံတင်ရောင်းချသူ၏ အပြောမှာ 'ကျွန်တော်ကိုစသည်ဖြင့် ဘယ်သူက ပေးပါမည်နည်း?' ဟူ၍ ဖြစ်သည်။ သူ့ကို အကြွေအနည်းငယ်သာ ပေးကြပါသည်။ သင့် ငါးဆယ်ဖြစ်ကောင်းဖြစ်မည်။

'တဆပြီးတဆတိုးတက်လာသည်........'

တိုက်ရိုက်ပြောရမည်ဆိုလျှင် လူတစ်ဦးအနောက်ဖက်မှ ထွက်လာသည်။ သူက 'တမိနစ် ဘဲစောင့်ပါ' ဟုဆိုသည်။သူလမ်းလျှောက်၍ တက်လာပြီး ရရှိသွားပါသည်။ သူ၏ သီချင်းကို တီး ခက်သည်ဟုစဉ်းစားကြပါစို့။

အသွေးတော်အောက်အပြစ်သားများနှစ်ပြီးနောက်

အပြစ်အစွန်းအထင်းများအားလုံးပျောက်ကွယ်သွားသည်။

၎င်းနောက် သူချထားသောအခါ ထိုနေရာမှာမလိုလားစွာကြည့်နေသူ မရှိတော့ပါ။ သူက 'ဘယ်သူပေးမှာလဲ' ဟုမေးသည်။

တဦးကဖြေသည်။ 'ငါးထောင်၊ တစ်သောင်း' တန်ဖိုးဖြတ်၍ မရတော့ပါ။ အဘယ်ကြောင့်နည်း? တယောပိုင်ရှင်ဟောင်းကငင်း၏ အရည်အသွေးအစစ်အမှန်ကို ဖေါ်ပြလိုက်သောကြောင့် ဖြစ်ပါသည်။

အို၊ ညီအစ်ကို ညီအစ်မ၊ ဤနှုတ်ကပတ်တော်၏သခင်ကို အခွင့်ပေးလိုက်ပါ။ ရေးသားသူ မှာ သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်၍ သူ၏ လေးကိုမေတ္တာနှင့် မြှောက်ထားပါသည်။ မိမိ၏ နှလုံး သားဖက်သို့ လေးကြိုးကိုဆွဲလိုက်ပါ။

အသွေးနှင့် ပြည့်လျှက်ရှိသောစမ်းရေရှိသည်။

ဧမာနွေလ၏ အသွေးတော်မှစီးဆင်းခြင်းဖြစ်သည်။

တန်ဖိုးအပြည့်အဝကို သင်တွေ့မြင်ရပေမည်။ဖုံးကွယ်ထားခြင်းမရှိသော ဘုရားသခင်သည် မြင်ကွင်းမှာ ပေါ်လွင်လာပါသည်။ ပင်တေကုတ္တေနေ့မှာ ကျရောက်လာသောအခါ သူသည် အလားတူပင် ဖြစ်ပါသည်။ လူများအပေါ်မှာကျရောက်ပါသည်။ သူကိုယ်တိုင် kenos' ed 'လုံးဝ မရှိတော့ခြင်း' ပြုလုပ်သည့်အခါမှာဖြစ်သည်။ မှန်ပါသည်။

သင်က 'ဘရာသာ ဘရမ်ဟမ်၊ ကျွန်တော် ကြိုးစားခဲ့ပါတယ်။ကျွန်တော်ဒါလုပ်ခဲ့တယ်၊ ဟိုဟာလုပ် တယ်၊ တခြားဟာလဲလုပ်ခဲ့ပါတယ်'

89 ၈၉။ တနေ့မှာ ကျွန်တော်နယူးမက်ဆီကိုပြည်နယ် ကားလ်စ်ဘော့မြို့တွင် စည်းဝေးတက်ခဲ့ပါ သည်။ ကျွန်တော်တို့အောက်ဖက်သို့ ဆင်းသွားကြပါသည်။ ကြည့်ရသည်မှာ မကောင်းသော် လည်း ကျွန်တော်တို့အောက်ဖက်သို့ ရောက်သွားပါသည်။ ထိုသူမှာ ဤနေရာမှာပင် ဆင်းသွား သောအခါ မီးအလင်းများကိုပိတ်လိုက်ပါသည်။ မည်မျှမှောင်မိုက်သွားပါသလဲ?၎င်းသည်.... မှောင်မိုက်လွန်းသဖြင့် ခံစားရပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုအသိအမှတ်ပြုရန် ပျက်ကွယ်သော အသင်းတော် ဖြတ်သန်းသွားရသည့် နည်းလမ်းပင် ဖြစ်ပါသည်။ ဇိအုန်၏ သမီးများ သူတို့လုပ်နေသည့်နည်းအ တိုင်း လုပ်နေသည်ကို ကျွန်တော်တို့တွေ့ရပါသည်။ စီးကရက်သောက်၊ အရက်သောက် သော ညီအစ်ကိုများကို တွေ့ရသောအခါနှင့်ညစ်ညမ်းသော စကားများပြောကြပြီး ခရစ်တော်ကို ဝန်ချ တောင်းပန်ရန် ပြုလုပ်နေဆဲဖြစ်ပါသည်။ အို၊ ဖြစ်ရလေ၊ မှောင်နေပါပြီ၊ အမှောင်ထု ကြီးမားလှပါ သည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုအသိအမှတ်ပြုရန် ပျက်ကွက်သော အသင်းတော် ဖြတ်သန်းသွားရသည့် နည်းလမ်းပင်ဖြစ်ပါသည်။ ဇိအုန်၏ သမီးများသူတို့လုပ်နေသည့် နည်းအ တိုင်းလုပ်နေသည်ကို ကျွန်တော်တို့တွေ့ရပါသည်။ စီးကရက်သောက်၊ အရက်သောက်သော ညီအစ်ကိုများကို တွေ့ရသောအခါနှင့်ညစ်ညမ်းသောစကားများ ပြောကြပြီး ခရစ်တော်ကို ဝန်ချ တောင်းပန်ရန်ပြုလုပ်နေဆဲဖြစ်ပါသည်။ အို၊ ဖြစ်ရလေ၊ မှောင်နေပါပြီ၊ အမှောင်ထု ကြီးမားလှပါ သည်။

ကိုယ်တော်ရှင် ကြွလာတော်မူမည့်အကြောင်းနိမိတ်လက္ခဏာကို တွေ့ရပါသည်။ ထိုအခါ ... နေ့မရောက်မှီညအမှောင်မိုက်ဆုံးအချိန်ဖြစ်ပါသည်။ ထိုနောက် မိုးသောက်ကြယ်ပေါ် ထွက် လာပြီးနေ့အလင်းကို ထွန်းလင်းတောက်ပစေပါသည်။ ရောက်လာတော့မည့်အကြောင်း ဖေါ်ပြ ပါသည်။သတိပြုပါ။

90 ၉၀။ ထိုအထဲမှာသူတို့က လှည့်ပိတ်လိုက်သောအခါ မိန်းခလေးတစ်ဦး အသံကုန် အော်ဟစ် လိုက်ပါသည်။ကလေးငယ်တစ်ဦး လမ်းဘေးတွင် ရပ်နေပါသည်။ ထိုသို့ မီးပိတ်လိုက်သောအခါ ထိုလမ်းပြကိုသူတွေ့လိုက်ရပါသည်။ ထိုညီမငယ်ကလေးမှာ အချိန်ကိုက်ပင် ဖြစ်သွားပါသည်။ သူမသည်အော်ဟစ်နေသည်။ အထက်အောက် ခုန်ပေါက်နေသည်။ အို၊ နောက်ထပ် ဘာဖြစ် လာဦးမည်နည်း? ဘာဖြစ်ပါသလဲ? ဘာဖြစ်သလဲ?

သူဘာအော်သလဲဆိုတာ သင်သိပါသလား? သူပြောသည်မှာ 'မကြောက်ပါနှင့်။ ညီမငယ် ဒီနေရာမှာ မီးများကိုပြန်လင်းစေမည့်သူ တစ်ဦးရှိပါသည်။'

ညီမလေးနားထောင်ပါ။ ငါတို့သည် သေးငယ်၍လူနည်းစုသာဖြစ်သည်ဟုသင်ထင်မြင်ယူ ဆပေမည်။ သို့သော်လည်း မကြောက်ပါနှင့်။ ဒီနေရာမှာမီးများကိုပြန်လင်းစေမည့်သူ ရှိပါသည်။ ထိုသူမှာ သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်ပါသည်။သင်ယုံကြည်ပါသလား? {ပရိသတ်က 'အာမင်' ဟုဆိုသည်။ အယ်ဒီတာ}

91 ၉၁။ အိုကြီးမြတ်တော်မူသော ကောင်းကင်အရှင် သင့်ကိုယ်သင် ဖုံးကွယ်ခြင်းမရှိဘဲ အားလုံးကိုဖေါ်ပြတော်မူပါ။ ကြီးမြတ်တော်မူသော ဘုန်းတော်အရှင် ဤသရုပ်ဖေါ်ပုံကလေးများကို ယနေ့ညယူပါ။ လူများ၏ နှလုံးသားများထဲမှာ စွဲမက်သွားစေပါ။ ဖုံးကွယ်ခြင်းမရှိတော့သောကိုယ်တော်ကို တွေ့မြင်ခွင့်ပေးပါ။ ဆင်းသက်ကြွလာတော်မူပြီး ဗိမ္မာန်တော် ကုလားကာကိုဆုတ်ဖြဲလိုက်ပါသည်။ ထိုကုလားကာနောက်ကွယ်မှ ထွက်လာပြီး လူသား ဖုံးကွယ်မှုများအောက်သို့ တစ်ဖန် ဆင်းသက် ကြွလာတော်မူပါ။ ပင်တေကုတ္တေနေ့ရက်မှာ အလားတူပင် ဖြစ်၍ဘုန်းတော် တစ်ခုမှ တစ်ခုသို့ ပြောင်းလဲစေပါ။

ယခု ကျွန်တော်တို့မှာ သဘာဝတရားများအားလုံးကဲ့သို့ ပြန်ရောက်လာပါပြီ။ မူရင်း မျိုးစေ့ကဲ့သို့ ပြန်၍ လှုပ်ရှားလာပါသည်။အသင်းတော် ခေတ်ကာလ တစ်ခုမှတစ်ခုသို့ ပြောင်းလဲ လာပါသည်။ ဤနောက်ဆုံးသောနေ့ရက်ကာလမှာ ကျွန်တော်တို့ ဤနေရာမှာ ရှိနေပါသည်။ မူရင်းမျိုးစေ့သို့ပြန်ရောက်သွားပါသည်။ ပင်တေကုတ္တေနေ့မှာ ကျရောက်၍ နှုတ်ကပတ်တော်တိုင်း ကိုပြည့်စုံစေပါသည်။ ညနေခင်း အလင်းတန်း ဖြစ်သည်နှင့် ငါပြသော အမှုတို့ကိုသင်တို့လည်း ပြုကြလိမ့်မည်ဖြစ်၍ အခြားအရာများစွာကိုလည်း ပြုလုပ်ပေမည်။ သင့်နှုတ်ကပတ်တော်တွင် သင်ဂတိထားတော်မူသည့်အတိုင်းပင် ဖြစ်ပါသည်။

အဖဘုရားသခင် လိုက်ကာထဲသို့ဝင်ရောက်ခဲ့ဘူးသူ တစ်ဦးတစ်ယောက် ရှိပါက သို့မဟုတ် လိုက်ကာထဲဝင်သွားပြီးလူ့ဇာတိခံခဲ့ဘူးသူ ရှိပါက ယနေ့ည ကောင်းချီးပေးတော်မူပါ။ ခမည်းတော် ဘုရားကြီးမားလှသော အောင်နိုင်သူက ဤနေရာမှာ ရပ်နေသည်ကို တွေ့ကြပါစေ။ ကျေးဇူးတော်၊တန်ခိုးတော်တို့နှင့် ပြည့်ဝပါစေ။ ခွင့်လွှတ်တော်မူရန် အဆင်သင့် ရှိသူကိုတွေ့ကြပါစေ။ မစတော်မူပါအဖ။

92 ၉၂။ ကျွန်ုပ်တို့၏ခေါင်းများကို ငုံ့ထားကြစဉ်အခါ ဤနေရာအထဲမှာ တစ်စုံတစ်ခု ရှိပါမည်လား? ဘယ်နှစ်ယောက်က ကျွန်ုပ်ကိုဘာပြောမည်နည်း။ ဘုရားသာဗရမ်ဟမ် ကျွန်ုပ် လက်ကို မြှောက် ထားပါသည်။ ကျွန်ုပ်အတွက်ဆုတောင်းပေးပါမည်လား? သင်၏ခေါင်းကိုငုံ့ထားပါ။ သင်၏ လက်များကို မြှောက်ထားပါ။ လိုက်ကာတိုင်းကို ကျွန်တော်က ချိုးဖဲ့၍ဝင်သွားနိုင်ပါသည်။ နောက်ဆုံး တစ်ကယ်တိုက်ခိုက် အောင်မြင်သူကို တွေ့ရပါသည်။ဘုရားသခင် ကောင်းချီးပေးပါ စေ။ လက်များ မြှောက်ထားကြပါ။ အပေါ်ထပ် ဝရံတာ၏ ညာဖက်မှာဖြစ်ပါသလား? ထရပ်ပါ။ဘုရားကောင်းချီးပေးပါစေ၊ တစ်ကယ်ဘဲ ရှိသားပါ။ ညာဖက်သို့ ဟုတ်ပါသလား? လက်ကို မြှောက်ထားပါ။ ဘရာသာဗရမ်ဟမ်နှစ်ပေါင်းများစွာ ကျွန်တော်သည် ခရစ်ယာန် ဖြစ်ခဲ့ပါသည်။ တစ်ကယ်ဘဲ ဖြစ်သည်။ ထိုလိုက်ကာမှတစ်ဆင့်ကျွန်တော် ဘယ်တော့မှ ဖြတ်မဝင်လာပါ။ ကျွန်တော် တစ်ကယ်ဘဲ ဘယ်တော့မှ မလုပ်ခဲ့ပါ။သူတို့ ထိုစဉ်က ရှိသည့်အတိုင်း ကျွန်တော့်မှာ မရှိပါ။ ယနေ့ ကျွန်တော်တို့မှာရှိပါသည်။ ...... ကျွန်တော်သည် ပူလောင်သော အပင်ဖြစ်သည်။

ပျိုးခင်းအပင်ထဲမှ ပန်းကို ယူပါ။ သင်ကကလေးပြုစုသကဲ့သို့ ပြုစုရပါသည်။ ဂရုစိုက်ရ သည်။ ဆေးဖြန်းသည်။ ရေဖြန်းရပါသည်။ မူရင်းအပင်သည် ကန္တာရထဲမှာ ပေါက်နေပါသည်။ အလားတူ ပန်းပင်ကလေးဘဲ ဖြစ်သည်။ထိုအပင်နှင့်တူသည်။ ရေလုံးဝ မရပါ။

သို့သော်လည်း ပိုးမွှားများ တက်လာခြင်း မရှိပေ။ကြမ်းတမ်းပါသည်။ သို့သော်လည်း အမှန်တစ်ကယ်ပင် ဖြစ်သည်။

93 ၉၃။ သင်သည်ခရစ်ယာန်ဘာသာကို ယနေ့ ခရစ်ယာန်ဘာသာနှင့် နှိုင်းယှဉ်နိုင်ပါသလား? ဤအုပ်စုကို စဉ်းစားမိပါသလား? ယနေ့ ခရစ်ယာန်များဟု ကျွန်တော်တို့ခေါ်ကြပါသည်။ ကမ္ဘာကြီးကို ကျော်လွှားသွားပါသည်။ပင်တေကုတ္တေနောက်ပိုင်းမှာကဲ့သို့ ဖြစ်ပါသည်။ ကလေးပြုစု သကဲ့သို့ ပြုစု၍ဂရုစိုက်ရပါသည်။ ဘုရားကျောင်း တစ်ခုမှ တစ်ခုသို့ သွားပါသည်။ သင်မကြိုက် သောအရာတစ်စုံတစ်ခုကို ပြောပါသည်။ ထရပ်၍ ထွက်သွားမလား? အို သင်ထိုအရာကို သတိပြုမိပါသလား? မပြုမိပါ။ ဘာဖြစ်ပါသလဲ? ထပ်ဆင့်၍ မျိုးပွားခြင်းပင် ဖြစ်ပါသည်။

မိုက်ကယ် အင်ဂျလိုက မောရှေ၏ ရုပ်တုကိုဖန်တီးပါသည်။ ထိုအရာ၏ တစ်ဖန် ပြန်လည် မျိုးပွားခြင်းကို ရရှိပါသည်။ အလွန်ဈေးပေါသည်။သို့သော်လည်း မူရင်း မဟုတ်ပါလား?

ကိုယ်တော်ရှင်၏ ညစာစားပွဲ ပန်းချီကားကိုဆွဲသူမှာ မူရင်းအားဖြင့် ပန်းချီဆွဲခြင်းမှာ ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျပါမည်။ သင်ဝယ်ပါက ဖြစ်နိုင်ပါသည်။ ဘယ်မှာရှိကြောင်းပင် ကျွန်တော် မသိရပါ။ သို့သော်လည်းဈေးပေါသော တစ်ဖန်ပြန်လည် ပုံပွားခြင်းကို ဝယ်ယူနိုင်ပါ သည်။ (၁)ဒေါ်လာနှင့်(၁၉)ဆင့်သာ ကုန်ကျပါသည်။ သင်ဝယ်နိုင်ပါသည်။

94 ၉၄။ ယနေ့လည်းထိုနည်းအတိုင်းပင် ဖြစ်ပါသည်။ ဈေးပေါသော ခရစ်ယာန်ဖြစ်သည်။ ပြန်လည် ပွားများခြင်းဖြစ်သည်။ ဘုရားကျောင်းတွင် ပါဝင်သူ ဖြစ်သည်။ သူတို့ကို စီးကရက်တစ်လိပ် (သို့)သာမန်သောက်စားခြင်းဖြင့် လဲလှယ်ယူနိုင်ကြပါသည်။ ဆံတို မိန်းကလေးများ (သို့)နှုတ်ခမ်းနီဆိုး ထားသော အမျိုးသမီးများကို သင်ဝယ်နိုင်ပါသည်။ လောကအရာ၊ဖက်ရှင်များနှင့် သူမကို ဝယ်နိုင်ပါသည်။ သို့သော်လည်း သင်စစ်မှန်စွာဖြင့်မတို့ထိနိုင်ပါ။

ကိုယ်တော်ကို မြင်ကွင်းအပြည့်နှင့်မြင်နေရပါသည်။ မနေ့၊ ယနေ့နှင့် ထာဝရကာလ အတူတူပင် ဖြစ်ပါသည်။

အိုး ခရစ်ယာန် သင်သည် စစ်မှန်သောခရစ်ယာန် မဖြစ်လိုပေဘူးလား? ကျွန်တော်ဆုတောင်းရန် သက်သက်ပင် ဖြစ်ပါသည်။ ဘုရားကောင်းချီးပေးပါစေ။ဘုရားကောင်းချီးပေးပါစေ။ အို သိပ် ကောင်းပါသည်။ ၎င်းအရာကို ကြည့်လိုက်ပါ။

95 ၉၅။ ကောင်းကင်ဘုံရှင်အဖဘုရားသခင်၊ 'ကိုယ်တော်၏နှုတ်ကပတ်တော်သည် ကိုယ်တော် ထံ အချည်းနှီးသက်သက် ပြန်မလာပါ။' သင်သည် ဂတိပေးခဲ့သော ပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။ သင်ထိုသို့ ပြောဆိုခြင်းအတွက် ကျွန်တော့်မှာ တာဝန်ရှိပါသည်။ကျွန်ုပ်သည် သင်၏ စကားများကို ပြန်လည်၍ ထပ်မံပြောဆိုခြင်းပင် ဖြစ်ပါသည်။သင့်အဆိုအရ 'ငါ၏နှုတ်ကပတ်တော်ကို ကြားနာ သောသူဖြစ်၍ ယုံကြည်ပါက ထာဝရအသက်ကို ရပါမည်။' သင်ဂတိပြုခဲ့ပါသည်။

ကိုယ်တော် ကျွန်တော်တို့မှာထပ်မံထုတ်လုပ်ခြင်းများ ယနေ့အချိန်မှာ ရှိနေပါသည်။ ယုံ ကြည် သည်ဟုပြောသောသူများစွာတို့ ဖြစ်ပါသည်။ တစ်ကယ်တမ်းတော့ မယုံကြည်ကြပါ။ ကိုယ်တော်အစစ်အမှန်များလည်း ရှိပါသည်။

ကိုယ်တော် ချပေးပါဟု ကျွန်တော်ဆုတောင်းပါသည်။ ယနေ့ည ဤအထဲမှာ အမျိုးသား၊ အမျိုးသမီးတိုင်း၊ ယောကျာ်းလေး၊ မိန်းကလေးတိုင်း ဘယ်နိုင်ငံမှာဘဲ ဖြစ်ပါစေ၊ ဘာအသားအ ရောင်ဘဲ ဖြစ်ပါစေ၊ဘယ်အသင်းတော်ကဘဲ ဖြစ်ပါစေ၊ အို ဘုရားသခင် သူတို့ကို ပြည့်စေပါ။ ယနေ့ အလားတူသခင်ယေရှု၏ စစ်မှန်သော ဖော်ပြချက်ကို တွေ့မြင်ပါစေ။ ကျွန်တော်တို့အ လယ်မှာ ဖြစ်၍သူသည် ပင်တေကုတ္တေနေ့မှာ ဖြစ်နေပါသည်။ သူသည် ဤခေတ်ကာလအတွက် သူ့ကိုယ်သူဖော်ပြပါသည်။ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်သောကြောင့် ဖြစ်ပါသည်။ ချပေးသနားတော်မူပါ။ နှုတ်ကပတ်တော်များ ပြည့်စုံသည်ကိုကြည့်၍ ပရောဖက်ပြုချက်များပြည့်စုံလာပါသည်။

96 ၉၆။ ယနေ့ကျွန်တော်တို့ နှိုင်းယှဉ်ကြပါသည်။ လောက၏ ဘုရားကျောင်းဟု ခေါ်ဆိုကြသည်။ ကမ္ဘာ့အသင်းတော်များကောင်စီပင် ဖြစ်သည်။ ပင်တေကုတ္တေ ဂတိတော်နှင့် နှိုင်းယှဉ်ပြီလား? နှိုင်းယှဉ်ချက် မရှိပါ။ ကျွန်ုပ်တို့ညစ်ပတ်နေသော အဝတ်များကို ထိုလက်မှတ်ဖြင့် မလျှော်နိုင်ပါ။

သို့သော်လည်း အရှင်ဘုရားသခင်ထိုသက်စမ်းရေအတွင်းသို့ ကျွန်ုပ်တို့ ပြန်လာကြပါက ဆေးကြောခြင်း အစီအစဉ်ရှိပါသည်။ထိုအခါ ကျွန်ုပ်တို့၏ အတွေ့အကြုံနှင့် ဘုရားသခင် နှုတ်က ပတ်တော်မှာတစ်ခုနှင့်တစ်ခု ကိုက်ညီသွားမည်။ ထိုအခါ ကျွန်ုပ်တို့ ပိုင်ဆိုင်မှုကို ပြန်လည်ရယူနိုင် ပါသည်။ ချပေးသနားတော်မူပါ။ ကိုယ်တော် ယနေ့ညပင် ချပေးတော်မူပါ။ ဤလူများကိုကိုယ်တော်ရှင်၏ လက်ဝယ် အပ်နှံပါသည်။ တစ်ဦးစီကို ကျွန်ုပ်တို့ လိုအပ်သောအရာကိုချပေး သနားတော်မူပါ ကိုယ်တော်၊ ယေရှုနာမ၌ ဆုတောင်းပါသည်။ အာမင်။

97 ၉၇။ ဘုရားကောင်းချီးပေးပါစေ။ကျေးဇူးများစွာ တင်ပါသည်။ မတ်တပ်ရပ်၍ အချိန်ကြာရှည်စွာ နေသည့်အတွက် ကျွန်တော်တောင်းပန်ပါသည်။ (၁၀)မိနစ်ပြီး (၁၀)မိနစ်ကြာအောင် ဆွဲထားသ လို ဖြစ်သည်။မနက်ပြန်လည် ဆုံတွေ့သည်အထိ ဘုရားသခင်နှင့်အတူ ရှိပါစေ။ ကျွန်တော် ယခုအခါမှာအစီအစဉ်မှူး၊ အခမ်းအနားမှူးလက်သို့ အစီအစဉ်ကို ပြန်လည် အပ်နှံပါသည်။

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝိလီယမ်မာရီယမ် ဗရမ်ဟမ်**

'… နေ့ရက်များ၏ ကြွေးကြော်သံ … ' (ဗျာဒိတ် ၁၀:၇)